# တာရာမင်း ၄၀

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန

စာရိုက်ပေးသူ BabyD (mmcybermedia.com)
ဒီဇိုင်း rfanquee (mmcybermedia.com)

# ကျွန်တော်နှင့်ဆောင်းရာသီဒသသန (၁)

"သူက ကျွန်မထက်ငါးနှစ်လောက်ငယ်တယ်ဆရာရယ်၊ ကျွန်မကိုပိုးပန်းစဉ် ကာလကတော့ 'မမ.....မမ' နဲ့နှုတ်ဖျားကကိုမချဘူး၊ အခုညားပြီးတော့ ကလေးနှစ်ယောက် လည်းရရော အခေါ်အပြောကပြောင်းသွားရော"

"ဘယ်လိုပြောင်းသွားလို့လဲ"

"ဆရာတို့ကြားတဲ့အတိုင်း မမ မဟုတ်တော့ဘူး၊ မလှသန်းတဲ့"

ကျွန်တော်ရယ်မိပါသည်။ ကျွန်တော့်မိတ်ဆွေ ဇနီးမောင်နှံ၏ပြောပြချက်ကို နားထောင်နေချိန်ဖြစ်ပါသည်။ ဇနီးဖြစ်သူ၏ခံစားချက်ကို ကျွန်တော် နားလည်သဘောပေါက်ပါသည်။ ကျွန်တော်လည်းကြုံဖူးသည်ကိုး...။

ကျွန်တော့်အိမ်သူကို ကျွန်တော်က 'မိုး' ဟုခေါ်ပါသည်။ နောက်ပိုင်းမှာ ကျွန်တော်တို့မိသားစုကိုကူညီလုပ်ကိုင်ပေးရန် ကရင်အမယ်အိုကြီးတစ်ယောက် ရောက်လာပါသည်။ သူ့ကိုကျွန်တော်တို့က 'အမိုး' ဟုခေါ်ပါသည်။

စာလေးပေလေးရေးနေရင်း အကြောင်းကိစ္စပေါ်၍ ကျွန်တော်က အိမ်သူကို 'မိုးရေ' ဟုခေါ်လိုက်လျှင် 'ဟေ' ဆိုပြီး ယောက်မကြီးကိုင်ကာ သူရောက်လာပါသည်။ သူက ' အမိုးရေ' ဟုကြားသောကြောင့်ဖြစ်ပါသည်။ ခဏခဏ ထိုသို့ပင်ဖြစ်ပျက်ကြုံကြိုက်ရပါသည်။ 'ဤအတိုင်းဆိုလျှင်တော့မဖြစ်သေး' ဟုသဘောပိုက်ကာ အိမ်သူ့အပေါ် အခေါ်အဝေါ်ပြောင်းကြည့်ပါသည်။ သားတောင်မောင်လေးကိုလည်း မွေးပြီးပြီဖြစ်၍ 'အမေကြီးရေ' ဟုပြောင်းခေါ်ကြည့်ပါသည်။ ထိုအခါကျတော့လည်း 'ဟေ' ဟုဆိုပြီး ယောက်မကြီးကိုင်ကာအမိုးကရောက်လာပါသည်။ သူက'အမေကြီး'ဆိုတာသူ့ကိုမြန်မာလိုခေါ်သည်ဟုထင်သောကြောင့်ဖြစ်ပါသည်။ အတော်ခွကျရပါသည်။ နောက်တော့ အိမ်သူကို နာမည်အရင်းပဲအော်ခေါ်ရပါသည်။ ထိုအခါကျတော့မယ်မင်းကြီးမက မကျေနပ်ချင်...။

"အခုတော့ နာမည်ရင်းကို ခပ်မာမာတပ်ခေါ်ပြီပေါ့လေ" ဟု မကျေမနပ်ဆိုလာပါသည်။ (မလှသန်းလည်း ထိုသို့ခံစားခြင်းပင်ဖြစ်ပါလိမ့်မည်။)

'လူ့လောကကို ဘာတွေနှင့် ဖွဲ့စည်းထားသနည်း' ဆိုသော မေးခွန်းရှိခဲ့ဖူးပါသည်။ "အမည်နာမတွေ၊ အခေါ်အဝေါ်တွေနှင့် ဖွဲ့စည်းထားသည်" ဟူသော အဖြေရှိခဲ့ဖူးပါသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ 'ဟိုဘက်က ဟာကြီးကို ဒီဘက်ကဟာကြီးက ကိုက်လိုက်တာ အဲ့ဒီလိုကြီးဖြစ်သွားတယ်' ဆိုလျှင်မကောင်းပါ။ ညွှန်ပြသူမရှိလျှင် နားလည်မည်မဟုတ်ပါ။ နာမည်တွေ အခေါ်အဝေါ်တွေက အရေးကြီးနေပါတော့သည်။

ဟို...ငယ်စဉ်အရွယ်...။ ကျွန်တော်တို့ကဗျာရူးစာရူးကလေးတွေ လက်ဖက်ရည်ဆိုင်မှာ ဆုံကြတော့ သူငယ်ချင်းတစ်ယောက်ကသူ့ကဗျာတစ်ပုဒ်ကိုထုတ်ပြပါသည်။ (ကြားဖူးကောင်းကြားဖူးကြပါလိမ့်မည်။ သူ့ကလောင်အမည်က 'နှင်းခါးမိုး' ဖြစ်၏။) အနုပညာဓာတ်ခံအားကောင်းသူဖြစ်ပါသည်။ သူ့ကဗျာအမည်က 'အာသာပြေ' ဟူ၍ဖြစ်၏။ ရပ်ကွက်ထဲမှလူတစ်ယောက်က ထိုကဗျာစာရွက်ကို ဆွဲယူကြည့်ပြီး အားမနာလျှာမကျိုး ဝေဖန်သွားပါသည်။

"ကဗျာနာမည်လေးက ကောင်းသလောက် ကဗျာဆရာနာမည်က မသတီစရာကြီး"

သူက 'နှင်းခါးမိုး' ဆိုတာကို ကဗျာအမည်အောက်မေ့ပြီး 'အာသာပြေ' ဆိုတာကို ကဗျာဆရာအမည်ဟုထင်မြင်သွားခြင်းဖြစ်ပါသည်။ ကျွန်တော်တို့မှာရယ်ရပါသေးသည်။

ကျွန်တော့်သဘာဝအရ ကျွန်တော်ကတိတ်တိတ်ဆိတ်ဆိတ်နေတတ်ပါသည်။ နယ်မြို့တစ်မြို့သို့ခရီးသွားမည်ဟုစိတ်ကူးသည်။ မည်သူ့ကိုမှလည်းမပြော။ ကိုယ့်ဘာသာရထားလက်မှတ်ဝယ်။ ကိုယ့်ဘာသာ ကုတ်ကုတ်ကလေး တက်ထိုင်နေလိုက်ပါသည်။ မမျှော်လင့်ဘဲ ဧည့်သည်ကိုလိုက်ပို့သော ကျွန်တော့်စာဖတ်ပရိတ်သတ်တစ်ဦးနှင့်တိုးသည်။ စကားအထိုက်အလျောက်ပြောရ၏။ ရထားထွက်ချိန်မှာ ကျွန်တော့်နံဘေးမှ ခရီးသည်ကြီးကမေး၏။ (အမေးအမြန်းထူသည်နှင့်အမျှ သူ့ဘာသာသူ ဖြေဆိုရှင်းလင်းချက်နှင့်လည်း အပြောကြွယ်လှလေသည်။)

"ညီလေးက စာရေးဆရာလား"

မှန်တာပြောရလျှင် ကျွန်တော် စိတ်ညစ်သွားပါသည်။ ခရီးဖော်ချင်းဖြစ်နေ၍ ဝတ်ကျေတန်းကျေပြောပြရပါသည်။

"ဩော်.. ကြားဖူးတာပေါ့...တာရာမြင့်ငွေ၊ တာရာမြင့်ငွေ..ဖတ်ကိုဖတ်ဖူးတာ"

လမ်းတစ်လျှောက်လုံးမှာ သူက ကျွန်တော့်ကို 'ကိုမြင့်ငွေရေ...ကိုမြင့်ငွေရေ' ဟုဆိုကာ ဝတ္ထုဆိုတာ မည်သို့မည်ပုံ ရေးရကြောင်း ညွှန်ကြားပို့ချပါတော့သည်။ ကျွန်တော်မရှုမလှ ခံခဲ့ရဖူးပါ၏။

(လူမှန်းများအောင်လုပ်နည်း တစ်ဆယ့်သုံးနည်းထဲမှာ နာမည်များကို မှားခေါ်ပါ ဆိုသည့် ...အချက်လည်းပါလေသည်။) သေချာအောင်ထပ်ပြောရလျှင် နာမည်များက အရေးတော့ကြီးလှလေသည်။

သားတော်မောင်ကို ကျွန်တော်က 'ခေတ်နေ' ဟု အမည်ပေးထား၏။ အချို့က ချစ်စနိုးဖြင့် 'နေနေ' ဟုခေါ်ကြသည်။ မဆိုးလှဟုကျွန်တော်ယူဆမိသည်။ ကောင်မလေးတစ်ယောက်ယောက်က ထိုနာမည်ဖြင့် ရင်တသိမ့်သိမ့်ခုန်ဝတ္ထုများကိုရေးလျှင် ဖြစ်ထွန်းနိုင်သည်။

ဥပမာ...မြီးကောင်ပေါက် စာရေးဆရာမလေး 'နေနေ' ၏ 'ချစ်တုန်းက သူပဲချစ်ပြီး' ရင်တသိမ့်သိမ့်ခုန် ဝတ္ထု မကြာမီလာမည်...ဆိုလျှင် 'ပေါက်' သွားနိုင်သည်။ 'မျှော်' ဟုပင် ထည့်ရေးစရာမလို။ သူတို့ဘာသာ မျှော်ကြလိမ့်မည်။

စာရိုက်ပေးသူ Baby D (mmcybermedia.com)

mmcybermedia.com

အခေါ်အဝေါ်တွေ၊ အမည်နာမတွေ အရေးကြီးကြောင်း ကျွန်တော်ဘာကြောင့် ရေးပြနေရသနည်းဟု မေးစရာအကြောင်း ဖြစ်လာပါသည်။ အကြောင်းကရှိပါသည်။ ထိုအမည်နာမများကို အကြောင်းမြင်၊ အလှမြင် ရှုထောင့်မှ အသုံးချနိုင်လျှင်...။

ဆိုကြပါဆို့...။ ကျွန်တော် ပြဿနာတစ်ခုခုကြုံသည့်အခါ 'ဒုက္ခ' ဟုကျွန်တော်မညည်းပါ။ 'သုခဝင်ပေါက်' ဟု ကျွန်တော် အမည်မှည့်ထားပါသည်။ ပျင်းတတ်လျှင် ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှမည့် ကျွန်တော့် စာဖတ်ခန်းလေးကို 'အနုပညာဓာတ်ခွဲခန်း' ဟု အမည်တပ်လိုက်ခြင်းဖြင့် ကျွန်တော့် ဘာသာ နေသာထိုင်သာရှိရပါသည်။

လက်ရှိ 'ပညာခေတ်' (Knowledge Age) ထဲမှာလေ့လာဆည်းပူးမှုကို ကျွန်တော် မရပ်တန့်ဝံ့ပါ။ ဘာသာရပ်တွေ ပြဌာန်းပြီး ကိုယ့်ဘာသာ self-study ဖြင့် ဆက်လက်လေ့လာနေရဆဲ ဖြစ်ပါသည်။

ကျွန်တော့်ဘဝလက်တွဲဖော်ကိုလည်း 'ဇနီး'၊ 'မယား'...စသော အခေါ်အဝေါ်များ မသုံးပါ။ 'အိမ်ရှင်မ' ဟုလည်း မသုံးပါ။ သူကအိမ်ရှင်ဆို ကျွန်တော်က အိမ်ငှားကြီးဖြစ်နေဦးမည်။ သူ့ကို 'အိမ်သူ' ဟု သုံးနှုန်းပါသည်။

ကိုယ်ကလည်း 'အိမ်သား'ပဲ ဖြစ်ပါသည်။ မနွေးထွေးဘူးလား။ ပျော်စရာမကောင်းဘူးလား။ ပြောလိုသည်က ထိုအချက်ပင်ဖြစ်ပါသည်။

အမည်နာမများကို အကြောင်းမင်၊ အလှမြင် ရှုထောင့်မှ ပြောင်းလဲမှည့်ခေါ်ခြင်းအားဖြင့် ဘဝသည် စိုပြည်စွာ ရှင်သန်လာနိုင်ပါသည်။ အချို့လူတွေပြောသလို 'နေတတ်လျှင် ကျေနပ်စရာတွေချည်းပဲ' ဆိုတာမျိုး ဖြစ်လာနိုင်ပါလိမ့်မည်။ ကျွန်တော်ကိုယ်တိုင် စမ်းသပ်အောင်မြင်ခဲ့သော နည်းတစ်ရပ်ဖြစ်ပါသည်။ စိတ်ဝင်စားလျှင်စာရှုသူလည်း စမ်းသပ်ကြည့်စေချင်ပါသည်။

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန (၂)

ကျွန်တော့်ကားကို မောင်းနေသော လက်ရှိ ဒရိုင်ဘာမှာ ကရင်ကြီးတစ်ယောက်ဖြစ်သည်။ အလွန်အစား စားနိုင်သလောက် အလွန်လည်းအလုပ်လုပ်နိုင်၏။ သူ့ထံမှ စကားအထူးအဆန်းများကိုလည်း ကြားရလေ့ရှိသည်။

တစ်နေ့မှာ သတ်မှတ်ချိန်ထက်နောက်ကျပြီးမှ သူ ရောက်လာ၏။ ရံဖန်ရံခါ ဖြစ်တတ်သည့် ကိစ္စမျိုးကို ကျွန်တော် ဆူပူစရာအကြောင်းမရှိပါ။ သို့သော် သူကကျွန်တော့်ကို မျက်နှာချိုသွေးလျက် ပြုံးရယ်ပြကာ...

"နည်းနည်းနောက်ကျသွားတယ် ဆရာရယ်။ အိမ်မှာဘဲကို ခွဲမွေးပေးနေရလို့"

ကျွန်တော့်နားထဲမှာ ထူးဆန်းသွားသည်။

"ဘာရယ်...ဘဲကို ခွဲမွေးတယ်...ဟုတ်လား"

"ဟုတ်ကဲ့...ဘဲဥထဲက ဘဲပေါက်ကလေးလေ။ ဥခွံကိုဖောက်ရာပေးပြီးမှ မထွက်နိုင်ဖြစ်နေလို့ ကျွန်တော်ကပဲ ဥကိုခွဲပြီး မွေးပေးနေရတာ... အဲဒီတော့မှ သူထွက်လာတယ်။ လုံးလုံးဝါဝါလေး ဆရာရဲ့၊ ချစ်စရာလေး..."

ထိုသို့သောပုဂ္ဂိုလ်မျိုးဖြစ်လေသည်။ သူက အားလပ်လျှင် ခြံထဲမှာလည်း သစ်ပင်တွေ ပန်းပင်တွေ စိုက်လေ့ရှိ၏။ သူစိုက်သော ဘူးပင်ကလေး အညွှန့်စထွက်လာတော့ အိမ်သူက နောက်သည်။

"အဲဒီ ဘူးညွှန့်ကို ကျွန်မ ပြုတ်စားလိုက်မယ်"

"ဟာ...မလုပ်ပါနဲ့။ ကျွန်တော့်ဘကြီးရဲ့ ဘူးပင်လိုဖြစ်သွားလိမ့်မယ်"

"ဘယ်လိုဖြစ်မှာလဲ"

"ဘူးပင် ဘူးညွှန့်က ဒီအရွယ်လေးပဲလေ။ မလုပ်ပါနဲ့လို့ပြောနေတဲ့ကြားထဲက အညွှန့်ကိုဖြတ်ပြီး ပြုတ်တို့လိုက်တယ်"

"အဟား...ဟား...ကိုယ့်ထက် ဆိုးတဲ့သူနဲ့ တွေ့နေပါလား"

"အဲဒီတော့ ဘူးပင်က မတက်တော့ဘူးလေ၊ အဲဒီအတိုင်းပဲ ဝိုင်းဝိုင်းကလေး ဆက်ပေါက်ပြီးသီးနေတယ်"

အိမ်သူက တသောသောရယ်ပါသည်။ ထိုမှတစ်ဆင့် ငါးပိရည်ဆီ စကားလမ်းကြောင်း ရောက်သွားသည်။ ကျွန်တော့်ပုဂ္ဂိုလ်ကြီးက ငါးပိတို့စရာ အလွန်စားသူဖြစ်သည်။ နေ့စဉ် သူနှင့် အိမ်ဖော်မလေးအတွက် ငါးပိတို့စရာ ဖွယ်ဖွယ်ရာရာ လုပ်ပေးထားရလေ့ရှိသည်။ ကျွန်တော်ကတော့ စားသည်လည်းမဟုတ်၊ မစားဘူးလည်းမဟုတ်။ အိမ်သူကတော့ သတ်သတ်လွတ်အစားများသည်။

"ဆရာကလည်း ငါးပိဖျော်ရည်ကောင်းကောင်းနဲ့ တို့စရာအစုံအလင် ကိုသာရ၊ ဝက်သားဟင်းတစ်ခွက်ကို ဘေးမှာထား"

"အင်း"

"ဝက်သားကုန်တယ်"

"ဘာ"

"ဝက်သားကုန်တယ်"

အားလုံးဝါးခနဲ ဝိုင်းရယ်မိကြပါသည်။ ကျွန်တော်လည်း လိုက်ရယ်ဖြစ်ပါသည်။

တစ်နေ့မှာ မိတ်ဆွေစီးပွားရေးသမားတစ်ယောက် အိမ်သို့အလည်ရောက်လာသည်။ သူ့စီးပွားရေးလုပ်ငန်းများက သောင်မတင်ရေမကျဖြစ်နေသည်။ သူပြောသမျှကိုနားထောင်ပြီး ကျွန်တော်ခေါင်းကိုခါနေမိပါသည်။ မိတ်ဆွေ ပြန်သွားပြီးချိန်...

"ဆရာ့မိတ်ဆွေဖြစ်နေတာက ကရင်သားအဖ မြေကျင်းတူးသလိုပဲ"

"ဘာဖြစ်လို့လဲ"

တင်ဆက်ပေးသူ Baby D (mmcybermedia.com)

mmcybermedia.com

"အဖေက သားကို မြေကျင်းတူးခိုင်းတယ်။ သားကသွားတူးတယ်၊ ခဏကြာတော့လာပြောတယ်။ ဆက်တူးလို့မရတော့ဘူး၊ တွင်းကဆုံးသွားပြီတဲ့"

"ဘာဖြစ်လို့ပါလိမ့်"

"အင်း၊ အဖေလုပ်သူက အဲ့ဒါကိုနားမလည်နိုင်လို့လိုက်ကြည့်တယ်၊ ဘယ့်နယ် သူ့သားကတွင်းကို ကန်တော့ပုံစံတူးထားတာကိုး။ အဝကနေ တဖြည်းဖြည်း ကျဉ်းကျဉ်းသွားပြီး နောက်ဆုံးကန်တော့ချွန်နေရာမှာ ဆက်တူးလိုပမရတော့ဘူး။ အဲဒါနဲ့ တွင်းကဆုံးသွားပြီဆိုပြီး ဆက်မတူးပဲ လှည့်ပြန်လာတာကိုး"

ကျွန်တော် တွေးရင်း တွေးရင်း ရယ်လို့မဆုံးအောင်ဖြစ်နေရပါသည်။ သည်သားအဖနယ် ကပ်သီးကပ်သပ်ဟု။

"သူက..ဘာဖြစ်လို့ အဲ့ဒီလိုကြီး တူးရတာလဲ"

"မသိဘူး...ခုနက...ဆရာ့မိတ်ဆွေလို ဖြစ်နေတာတော့ အမှန်ပဲ"

သူပြောလည်းပြောစရာ...ပြုံးရယ်နေရင်းတွေးဖြစ်ပါသည်။

လက်ရှိ ပိုစ့်မော်ဒန်ခေတ်ကြီးတွင် ပညာရှင်များက သူတို့လေ့လာဖော်ထုတ်ရာ နယ်ပယ်ရပ်များ၌ ထူးခြားသော အမှတ်အသားလေးများနှင့် တင်ပြလေ့ရှိကြပါသည်။ ဥပမာ...ဆိုရှယ်လစ်နိုင်ငံဟောင်းများက အရင်းရှင်နိုင်ငံအဖြစ်သို့ ကူးပြောင်းချိန်ဖြစ်ပျက်ပုံ အနေအထားကို J အက္ခရာဖြင့်တင်ပြသည်။ မျဉ်းကြောင်း၏အသွားအလာအရ အထက်မှ အောက်ကိုဆင်းပြီးအောက်မှအပေါ်သို့ ပြန်တက်မှုအား ရည်ရွယ်ခြင်းဖြစ်သည်။ အမျိုးသမီးများ၏ လုပ်ငန်းဆောင်ရွက်သဘာဝကို M အက္ခရာဖြင့် တင်ပြကြပါသည်။ မျဉ်းကြောင်းရေးဆွဲမှုပုံဆံအတိုင်းပင် အောက်မှအထက်သို့တက်၊ လင်ယူသားမွေးချိန်မှာ ပြန်ကျ၊ နောက်ပြန်တက်၊ အသက်အရွယ်ရပြီးနောက်တော့ ပြန်ကျ...၊ ဒါမျိုးလေးတွေဖြစ်သည်။ ယခုတော့သည်ကရင်လေးက မြေကျင်းကို V အက္ခရာပုံစံတူးသည်။ ထို့နောက် တွင်းဆုံးပြီဟုဆိုကာလှည့်ပြန်လာသည်။ ကျွန်တော့်မိတ်ဆွေစီးပွားရေးသမားကလည်း ထိုသို့ဖြစ်နေတာကတော့ ဟုတ်သည်။

"နေပါဦး ကျွန်တော်မေးပါဦးမယ်၊ သူ့သားက တွင်းကို အဲ့ဒီလိုတူးထားတာတွေတော့ အဖေလုပ်တဲ့ ကရင်ကြီးက ဘာပြောလဲ၊ ဘယ်လိုထင်မြင်ချက်တွေပေးလဲ..."

"အဲဒါတော့ ကျွန်တော်လည်းမသိဘူး ဆရာ"

ရယ်မိပြန်ပါသည်။ တစ်ဆက်တည်းမှာလည်းစဉ်းစားမိသည်။ ကိုယ်ကကော မြေကျင်းကို V ပုံစံတူးမိနေလား။ ပြီးမှ တွင်းဆုံးပြီဆိုပြီး လှည့်ပြန်လာမည့်လူလား။ အတွေးတို့ ဝေဝါးသွားတော့၏။

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန (၃)

တစ်ခါတုန်းက လောကကို ဖန်ဆင်းသူ ဘုရားသခင်ဆီ 'အမှောင်' ကရောက်လာပြီး တိုင်ကြားသတဲ့။

"အရှင်... 'အလင်း' က ကျွန်တော့်ကို အပြင်းအထန်နှောင့်ယှက်ပါတယ်။ ကျွန်တော့်နောက်ကို တကောက်ကောက် လိုက်လွန်းလို့ ကျွန်တော့်မှာမိုးချုပ်မှပဲ အနားရပါတယ်။ မိုးလင်းတာနဲ့တစ်ခါ သူကလိုက်လို့ ပြေးရပြန်ရော။ကျွန်တော့်ကို ခုလိုလိုက်မနှောင့်ယှက်ဖို့ 'အလင်း' ကို တားမြစ်ပေးပါ"

အဲဒါနဲ့ ဖန်ဆင်းရှင်ဘုရားသခင်က 'အလင်း' ကိုဆင့်ခေါ်လိုက်တယ်။ 'အလင်း' ကကျတော့ 'အမှောင်' ရဲ့ စွဲချက်ကို နားမလည်ဘူး။

"ကျွန်တော်မျိုး 'အမှောင်' ဆိုတာကိုရှိမှန်းတောင်မသိပါဘူး။ တစ်ခါမှလည်း မမြင်ဖူးပါဘူး။ သူ ဘယ်မှာလဲ ကျွန်တော်တောင်းပန်ပါ့မယ်။ အခု သူ့ကိုပြပါ။ ခေါ်ပေးပါ။ သူတကယ်ရော ရှိလို့လား..."

ပြဿနာကတော့ ဒီအတိုင်းပါပဲ။ဘယ်လိုဖြေရှင်းမလဲတဲ့။ ပညာရှိတွေက မေးကြတယ်။ ဒါပေမယ့် အဲဒါတွေကလည်းထိုးဇာတ်ကလေးတွေနဲ့လုပ်ပြီး ပြောဆိုကြတာလောက်ပါ။ တကယ်တမ်းဖြစ်နိုင်စရာအကြောင်းမှမရှိဘဲ။ အချက်အလက်ကလည်း မခိုင်မာဘူးလေ။ 'အလင်း' နဲ့ 'အမှောင်'နဲ့မတွေ့ဖူးဘူး။ မကြုံဖူးဘူးဆိုတာ ဟုတ်မှမဟုတ်နိုင်ဘဲ။ 'အလင်း' နဲ့ 'အမှောင်'အားပြိုင်လုနေတာတွေကို မိုးချုပ်စ မိုးလင်းစ အချိန်တွေတိုင်းမှာ ကျွန်တော်တို့မြင်နေကြရတာပဲ။ (အနုပညာပစ္စည်းတွေလည်း သိသာတာပဲ...)

အဲဒါကြောင့် ဒီပုံပြင်ကိုထုတ်သုံးပြီးမဆွေးနွေးတော့ပါဘူး။ ကိုယ်တွေ့ကြုံရတဲ့ နေ့တစ်မူဝ ကိုးရိုးကားယားကိစ္စလေးတွေကိုပဲ ကိုးကားပြီးပြောပါတော့မယ်။ ကျွန်တော် ပြောချင်တာက 'ညဏ်' အကြောင်းပါ။ ဥပမာပေးရရင်...

ဖြူဖွေးအိမ်သာတက်တဲ့ကိစ္စကစပြောရရင်ကောင်းမယ်။ ဖြူဖွေးဆိုတာအပျိုပေါက် ကောင်မလေးမဟုတ်သလို လူလည်းမဟုတ်ပါဘူး။ ကျွန်တော့်အိမ်မှာမွေးထားတဲ့ ကြောင်ဖြူလေးပါ။ တစ်နေ့မှာခြံထဲဆင်းပြီး ကျွန်တော်စာဖတ်နေတုန်း သူက မလှမ်း မကမ်းသဲမြေပွပွပေါ်မှာ အပေါ့အလေးသွားဖို့လုပ်ပါတယ်။ ကျင်းအရင်တူးပါတယ်။ သူတို့ရဲ့ ဘာသာဘာဝအတိုင်းလက်ကလေးနဲ့ ယက်ယက်လို့ပေါ့။

ကျင်းတူးပြီးတဲ့အချိန်မှာ သူ တောထိုင်ဖို့လုပ်ပါတယ်။ ဒါပေမယ့် သူ့သဲကျင်းက ချက်ချင်း ပြန်ပြိုသွားတယ်။ သူညှစ်အားထုတ်မယ့်အချိန်မှာပဲ သဲကျင်းကမရှိတော့ဘဲ မူလ မြေပြင်အတိုင်းဖြစ်သွားပါပြီ။ သူ ပြန်လှည့်ကြည့်ပြီး စိတ်ပျက်သွားပုံရပါတယ်။ ဒါပေမယ့် ပြန်ကြိုးစားတယ်။ (အောင့်လည်းအောင့်ထားနိုင်တယ်) လက်ကလေးနဲ့ ယက်ယက်ပြီးပြန်တူးပြန်တယ်။ ပြီး... တောထိုင်ဖို့ပြန်လုပ်တယ်။ ဩော်... သဲကျင်းကချက်ချင်း ပြန်ပြိုကျသွားပြန်ရော...ခက်ပါပေ့။ သူဘယ်လိုဖြေရှင်းမလဲမသိဘူး။

စောင့်မကြည့်အားပါဘူး။ ဖုန်းလာတယ်ဆိုလို့ အိမ်ထဲပြန်ဝင်လာခဲ့တယ်။ ဒါပေမယ့် ဖြူဖွေးရဲ့အဖြစ်အပျက်ကိုပြုံးမိတာတော့အမှန်ပဲ။ သူဒီအတိုင်းပဲ တဝဲလည်လည် ဖြစ်နေမယ့်ပုံရှိတယ်။ ကဲ ဖြူဖွေး အကြောင်းပြီးတော့ နော်မူအကြောင်းပြောရမယ်။

စာရိုက်ပေးသူ Baby D (mmcybermedia.com)

နော်မူဆိုတာက အိမ်က အိမ်ဖော်မလေးပါ။ အတီးအတ ပါပဲ။ သူ့အကြောင်းပြောရင် ဖြူဖွေးကလည်းပြန်ပါလာပါဦးမယ်။ သူက ညအိပ်ရင်ဖြူဖွေးကို မီးဖိုခန်းထဲမှာ ထည့်ပိတ်ထားတတ်တယ်။ တစ်ညလုံး ဒီအခန်းထဲမှာပိတ်မိနေတဲ့ဖြူဖွေးကအခွန်ရာယ် မလွယ်နိုင်ရင် ဖြစ်သလိုကြည့်ရှင်းရပါတယ်။ မနက် ၅ နာရီလောက်အိပ်ချင်မူးတူးနဲ့ မီးဖိုခန်းဆီ ဆင်းလားတဲ့ နော်မူဟာ ဖြူဖွေး စွန့်ကြဲထားတဲ့ရတနာပုံကို 'ဗို' ကနဲ တက်နင်းမိတာပါပဲ။

ဆူဆူညံညံ အသံတွေကြောင့်ကျွန်တော်ထွက်ကြည့်ပါတယ်။ နော်မူကို မေးရပါတယ်။

"နင်ဘာဖြစ်နေတာလဲ"

"ဖြူဖွေးကိုရှာနေတာ"

"ဟိုမှာငုတ်တုတ်ကြီး"

"ဩော်..အင်း...သူ့ကိုရှာနေတာ"

"ဘာလုပ်ဖို့တုန်း"

"ရိုက်မလို့"

ဖြူဖွေးကို တွေ့ပြီးတဲ့နောက်မှာတံမြက်စည်းကို လိုက်ရှာပါတယ်။ တံမြက်စည်းကို တွေ့တဲ့အချိန်မှာ ဖြူဖွေးကမူလနေရာမှာ မရှိတော့ပါဘူး။ ဖြူဖွေးကို ပြန်တွေ့ပါတယ်။ ဒါပေမယ့် တံမြက်စည်းကို ခုနကဘယ်နားမှာ ထားလိုက်မှန်း မသိဘူး။ တံမြက်စည်းကို လိုက်ရှာပါတယ်။ တွေ့ပါပြီ... အဲ... ဖြူဖွေးကမရှိတော့ပြန်ပါဘူး။ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး။

ကြုံကြိုက်ရင် ကျွန်တော် ထည့်ပြောပါတယ်။အိမ်ကလူတွေကိုပါ 'ဖြူဖွေး တောထိုင်သလို မထိုင်နဲ့။ နော်မူ ကြောင်ရိုက်သလိုမရိုက်နဲ့' လို့။ လောကသားတွေထဲမှာ တချို့က ဉာဏ်ထက်ပြီး တချို့တွေကဉာဏ်မထက်ပါ။တချို့ကကျတော့လည်း သာမန်ပေါ့လေ။ ကိုယ်လည်း သာမန်ထဲကတစ်ယောက်ပါပဲ။ ဖြူဖွေးထက်တော့ နည်းနည်းသာရင်သာ မပေါ့။

ဉာဏ်နဲ့ပတ်သက်တဲ့ သိပ္ပံဆိုင်ရာ၊ဒဿနဆိုင်ရာ သီအိုရီအမျိုးမျိုး၊ တင်ပြချက်အမျိုးမျိုး ကျွန်တော်ဖတ်မှတ်လေ့လာဖူးပါတယ်။ ဒါပေမယ့် အဲဒါတွေကလည်း ဟိုလူက ဟိုလိုပြောတယ်။ ဒီလူကဒီလိုပြောတယ်ဆိုတာကို လှည့်ပတ်ဖတ်ရတာမျိုးပါပဲ။ သူတို့လည်းတဝဲလည်လည်ကြီးပါပဲ။ ဆန်းပြားနက်နဲတဲ့ကိစ္စပါ။ ဉာဏ်အကြောင်းကို ကျွန်တော် ဉာဏ်မမီဘူးလို့ ဆိုပါစို့။

ဒီကြားထဲ တချို့လူတွေကဉာဏ်ကောင်းတာကတစ်မျိုးကြီး။ ကြားသိခဲ့ဖူးတာ ကြာပြီဖြစ်တဲ့ ကိစ္စတစ်ခုအကြောင်းပါ။ကယ်လီဖိုးနီးယားကမ်းခြေက လူတစ်ယောက်။ သူဟာ အရမ်းရိုးအထုံထိုင်းပြီး လူတကာကိုသည်းခံနိုင်စွမ်းရှိတဲ့ ပေါ်တာကြီးတစ်ယောက်ပေါ့။ ကလေးဆန်ပြီး အပြစ်ကင်းစင်တဲ့သဘာဝလည်းတွေ့ရတယ်။ လူတွေက သူ့ကို မျိုးစုံလှည့်ပတ်ဆော့ကစားပြီးတဲ့အချိန်မှာအကြွေဆယ်ပြားစေ့နဲ့ ငွေစက္ကူ တစ်ဆယ်တန် တစ်ရွက်ကို ထောင်ပြတယ်။ 'ဘယ်ဟာယူမလဲ'လို့မေးတယ်။

"အကြွေကလှတယ်၊ အကြွေပဲယူမယ်"

အားလုံးကလည်း ရယ်ရယ်မောမောနဲ့ အကြွေဆယ်ပြားစေ့ကို ပစ်ချပေးသွားတာပါပဲ။ အဲဒီအနေအထားကို ဘဝင်မကျတဲ့ လူတစ်ယောက်ကဘယ်သူမှမရှိတဲ့အချိန်မှာ အဲဒီ လူရိုးလူအကြီးကို ကပ်မေးတယ်။

"ခင်ဗျား ဆယ်ပြားစေ့နဲ့ ဆယ်တန်ကိုတကယ်ပဲခွဲခြားမသိဘူးလား"

"သိသားပဲ...။ ဒါပေမဲ့ ဆယ်တန်ကို ဆွဲယူလိုက်ရင်တစ်ပွဲတည်းနဲ့ ကျုပ်ကိစ္စတုံးသွားမှာပေါ့။ အခုလို တစ်နေ့တစ်နေ့ ကျုပ်ဆယ်ပြားစေ့တွေ အများကြီးရတယ်။ နှစ်ပေါင်းနှစ်ဆယ်ဝန်းကျင် ကြာခဲ့ပြီလေ။ ဒါမကောင်းဘူးလား"

သူ မအဘူး။ ဉာဏ်ကောင်းတယ်။ ဒါပေမယ့် ကိုယ်ဆိုရင် သူ့လို ဟန်ဆောင်ပြီး ပေါ်ပြူချာပြန့် 'ဆယ်ပြားလောက်' လို့တောင်းနေနိုင်ပဲ့မလား။ မရဲဝံ့တာအမှန်။ မလုပ်ချင်တာလည်း ဧကန်...။ (အညာသားလေသံနဲ့ပြောရရင်)

"ဒါမျိုးကြီးတော့ မလုပ်ချင်ပါဘူးရယ်ဗျ။ နော့...။ ကျုပ်တို့ကလည်း ရှက်တတ်သကိုး...။ ဟိုး... ဟိုး... ဟိုး"

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန (၄)

"ဆရာ...တွင်းရေတွေက ထူးဆန်းတယ်နော်"

"ဘာဖြစ်လို့လဲဗျ"

ဆိုက်ကားသမားက ကျွန်တော့်ကို တင်နင်းနေရင်း ပြောခြင်းဖြစ်သည်။ စီးနေကျ ဆိုက်ကားဖြစ်၍ သူနှင့်ကျွန်တော်လည်း ရင်းနှီးနေပါပြီ။

"တွင်းရေတွေက နွေမှာအေးပြီး ဆောင်းမှာနွေးတယ် ဆရာရဲ့"

"ဩော်...အင်း...အပူချိန်မတူလို့"

"ဗျာ...ဘာဖြစ်တယ်"

"တွင်းရေဆိုတာ မြေအောက်ကရေလေဗျာ။ မြေအောက်က အပူချိန်နဲ့ မြေပေါ်က အပူချိန်ကမတူဘူး။ မြေပေါ်ကိုခပ်ယူလိုက်တဲ့အခါ မြေအောက်ရေက အပူချိန် အပြောင်းအလဲ ဖြစ်သွားတယ်...။ အဲဒါကြောင့်..."

"ဒါနဲ့ မေးရဦးမယ် ဆရာ"

"ဘာလဲ"

"ကျွန်တော်တို့ ဆိုက်ကားကိုလေ... တချို့တွေက ရိုးရိုးဆိုက်ကားလို့ ရေးတယ်။ တချို့ကျတော့ ကကြီးနှစ်လုံးဆင့်ပြီး 'ဆိုက္ကား' လို့ရေးတယ်။ အဲဒါ ဘယ်ဟာမှန်လဲ"

သူ့တွေးလုံးကြောင့် ကျွန်တော် ပြုံးမိပါသည်။ ဟုတ်တာပဲ။ သူသိသင့်သည်ပဲ...။

"အိမ်ကျမှသတ်ပုံကျမ်းပြန်လှန်ကြည့်ရမလို ဖြစ်နေပြီ... ထားပါတော့။ ကျွန်တော့် အယူအဆကို ပြောရင်တော့ ရိုးရိုးရေးတာက မှန်တယ်ထင်တာပဲ"

"ဘာဖြစ်လို့လဲ ဆရာ"

"စာလုံးတွေ ပါဠိဆင့်တွေထပ်ပြီးရေးတာက ပါဠိသက်ဝေါဟာရတွေမှာ ပဲများ

စာရိုက်ပေးသူ Baby D (mmcybermedia.com)

mmcybermedia.com

တယ်။ ဆိုက်ကားက ပါဠိကနေဆင်းလာတဲ့စကားလုံးမှမဟုတ်တာ၊ ရိုးရိုးပဲရေးသင့်ပါတယ်"

"ဆိုက်ကားက မြန်မာစားလုံးပဲနော်"

"ဟင့်အင်း မဟုတ်ပါဘူး။ အင်္ဂလိပ်စာလုံးကြီး"

"ဟင်...ဟုတ်လား"

"ဟုတ်တယ်... side carဆိုတဲ့ အင်္ဂလိပ်စာလုံး၊ ဘေးတွဲပါသောယာဉ်လို့ အဓိပ္ပာယ်ရတယ်"

"ဩော်...ဆိုက်ကားက အင်္ဂလိပ်စာလုံးမှန်း ကျွန်တော် အခုမှသိတယ်"

သူက စာဖတ်ဝါသနာပါသူလည်းဖြစ်သည်။ ဆိုက်ကားနားလျှင် ဂျာနယ် တစ်စောင်စောင်ကိုဖတ်နေတတ်သည်။ ကျွန်တော်နှင့် ဆုံတိုင်းလည်း ဟိုအကြောင်း ဒီအကြောင်းတွေ မေးလေ့ရှိသည်။

"တစ်ခါတစ်ခါကျတော့ အားငယ်တယ် ဆရာရဲ့"

"ဘာဖြစ်လို့လဲ"

"သူများတွေက ကွန်ပျူတာတွေ၊ အင်တာနက်တွေ အော်နေပြီ၊ ကမ္ဘာကြီးလည်း တိုးတက်မှု အရမ်းမြန်နေပြီတဲ့။ ကိုယ့်မှာက ဆိုက်ကားနင်းနေရတယ်"

သူ့ကို မစာနာ၍မဟုတ်ပါ။ ကျွန်တော် ရယ်နေမိပါသည်။ သူနှင့် ကျွန်တော် စကားဆက်ဆိုဖြစ်ကြ၏။ သူ့ကို အားပေးရာရောက်မည့်စကားများကို ကျွန်တော်ရွေး၍ ပြောရခြင်းဖြစ်ပါသည်။

"ဆိုက်ကားဆိုတာ Jinrikishaဆိုတဲ့ ဂျပန်စာလုံးက ဆင်းသက်လာတာဗျ"

"ဟင် ဂျပန်မှာကော ဆိုက်ကားရှိသလား"

"အင်း...အဲ့ဒီစကားလုံးက အဓိပ္ပာယ်ပါတယ်။ Jin ဆိုတာက 'လူ'၊ riki ဆိုတာက 'စွမ်းအင်'၊ sha ဆိုတာက 'ယာဉ်' ကိုပြောတာ"

"လေးနက်သလိုပဲနော်...ဆရာ"

"အင်း...အခုလက်ရှိ ကမ္ဘာလောကကြီးကိုဗျာ...ပညာရှင်တွေက သုံးမျိုးခွဲပြောကြတယ်။ 'ရုပ်လောက၊ စိတ်လောက၊ တွေ့ကြုံဖြတ်သန်းမှုလောက..'တဲ့ World of Material, World of Idea, World of Experienceလို့ သုံးတယ်။ ဆိုက်ကားဆိုတဲ့ Jinrikisha က အဲ့ဒီလောကသုံးခုကို ကိုယ်စားပြုသလိုဖြစ်နေတယ်"

"ဆရာပြောတော့လည်း ဆိုက်ကားနင်းရတာတောင် အားရှိလာသလိုပဲ"

ပြောရင်းဆိုရင်းနှင့်ပဲ ဆိုက်ကားက အိမ်သို့ရောက်လာသည်။ စကားစဖြတ်ရသည်။ ဆိုက်ကားဆရာကို လူတတ်ကြီးလုပ်ပြီး ရှင်းလင်းပြောဆိုခဲ့သမျှ အိမ်မှာ သားနှင့်တွေ့မှပဲ ခံရတော့သည်။

သားက အသက်သုံးနှစ်ကျော်ပြီး အတော်သိတတ်နေပြီ။ စကားတွေအတော်ပြောပြီး အမေးအမြန်းလည်းအရမ်းထူသည်။ သူ့ဘာသာနေသော ဘုရားစင်ပေါ်မှ ရုပ်ပွားတော်ကို

'သာဓု...သာဓု' ဟု သွားသွားပြောနေသဖြင့် ဟန့်တားရသေးသည်။ သူ့ကစားစရာ အရုပ်ကလေးတရုပ်ကို ယူလာပြပြီးမေးသည်။

"ဖေဖေ ဒီအကောင်က ကြံ့နော်"

"အေး...ဟုတ်တယ်"

"သူက ဘာစားလဲ"

"ဟေ"

"ကြံ့က ဘာစားလဲလို့"

"အာ...ဖေဖေ အဲဒါကို မသိဘူးကွ"

"ဘာဖြစ်လို့မသိတာလဲ"

"သတိမထားမိဘူးကွာ"

"ဘာဖြစ်လို့ သတိမထားမိတာလဲ"

"အရေးမကြီးလို့ပေါ့ကွာ"

"ဘာက အရေးကြီးတာလဲ"

"လကုန်ရင် သားကို မူကြိုကျောင်းအပ်တော့မယ်။ ကျောင်းတက်ရမယ်။ စာနည်းနည်းတက်ပြီဆိုတာနဲ့ ကျွန်ပျူတာကိုပါ ကိုင်တတ်အောင် သင်ရမယ်။ တချို့နိုင်ငံကြီးတွေမှာဆိုရင် ကွန်ပျူတာမတတ်သူပပျောက်ရေးတွေတောင် လုပ်ကုန်ပြီတဲ့"

"ကွန်ပျူတာက အရေးကြီးလား"

"အေး... အရေးကြီးတယ်"

ထိုအချိန်မှာပဲ စောစောက ကျွန်တော်စီးလာသောဆိုက်ကားက ခရီးသည်တစ်ဦး တင်ပြီး အိမ်ရှေ့မှ ပြန်ဖြတ်သွားသည်။ ထိုဆိုက်ကားဆရာကို ညွှန်ပြပြီး ရယ်...ပြော ပြောမိ၏။

"တစ်ခုတော့ရှိတယ်။ သား ကွန်ပျူတာကိုင်တာကို အဲ့ဒီဦးကြီး မသိစေနဲ့"

တော်ပါသေး၏။ သားတော်မောင်က ဆက်မမေးတော့ဘဲ လှည့်ပြေးသွား၏။ လေးငါး လှမ်းသွားပြီးမှ ကျွန်တော့်ကို ပြန်လှည့်အော်သည်။

"သာဓု... သာဓု"

## ကျွန်တော်နှင့်ဆောင်းရာသီဒသသန (၅)

သားတော်မောင်ကို မူကြိုကျောင်းထားရမည့်အရွယ်သို့ ရောက်သောအခါ ကျွန်တော် အတော်ဦးနှောက်ခြောက်ရသည်။ ကျွန်တော့်သဘောသက်သက်အရဆိုလျှင် မထားလိုလှ။ ထုံးစံအတိုင်း မခွဲနိုင်၍ဖြစ်သည်။ ကိုယ်ကိုတိုင်ကလည်း မူကြိုကျောင်းတက်ခဲ့သူ မဟုတ်သည်ကတစ်ကြောင်း၊ သားလေးမူကြိုကျောင်းမှာ အဆင်မပြေဘဲ စိတ်ညစ်နေမှာ စိုးရိမ်သည်ကတစ်ကြောင်း စသည်တို့ကြောင့်ဖြစ်သည်။ နောက်တော့လည်း ဆွေမျိုးအသိုင်းအဝိုင်း၏ တိုက်တွန်းမှုကြောင့် မူကြိုအပ်ပေးရန် စဉ်းစားရပါသည်။

ထိုအခါကျတော့လည်း ဟိုကျောင်းမှာထားပါ။ ဒီကျောင်းမှာထားပါဆိုသော အကြံပေးချက်များကို နားတညည်းညည်းကြုံဆုံခံစားရပြန်သည်။ နောက်ဆုံးမှာ ကျွန်တော့်ဆုံးဖြတ်ချက်နှင့် ကျွန်တော့်မိတ်ဆွေစာရေးဆရာကြီး 'ကိုတာ' ၏ ကျောင်းမှာ

တရိုက်ပေးသူ Baby D (mmcybermedia.com)

ထားဖြစ်သွား၏။ ဆရာကိုတာက Silta Lumbani အမည်ရှိ မူကြိုကျောင်းကို ရွှေတောင်ကြားထဲမှာ ဖွင့်ထား၏။ အစပိုင်းမှာ သားတော်မောင်က တငိုငို တရယ်ရယ် ရှိသော်လည်း နောက်ပိုင်းမှာနေသားကျသွားပါသည်။ "သားကျောင်းက ဘာတွေသင်လိုက်သလဲ" ကလေးပြန်ရောက်လာတိုင်း ထိုသို့ ဆီးမေးရသည်ကလည်း ကျွန်တော့်မှာ အမောဖြစ်၏။ ကျောင်းမှသင်လိုက်သည့် ကဗျာများကို ကလေးကရွတ်ပြလျှင် ကျွန်တော့်မှာ ပီတိဖြစ်ရသည်။ တစ်နေ့မှာ သူတို့ကျောင်းမှ ကဗျာစာအုပ် တစ်အုပ်ကို ကျွန်တော် ဆွဲယူဖတ်မိသည်။ စိတ်ချမ်းသာစရာ ကဗျာတစ်ပုဒ်ကို အရင်စတွေ့ရသည်။ အောက်ပါအတိုင်း ဖြစ်သည်။

အမေ့ရင်ခွင်
အမေ့ရင်ခွင်ကုတင်လုပ်လို့
စက်ဝန်းမိုးကုပ် မော့ကြည့်ရာ
လမင်းထိန်ထိန်သာ
ကြယ်ကလေးတွေ မှိန်ပြာပြာ
တချို့မှာ ထိန်ထိန်လင်း
ညမွှေးပင် အိမ်ခေါင်ရင်းက
လေဝေ့ရင်သင်း။ ။

ကဗျာစာအုပ်ကလေးအမည်က 'ပန်းကလေးမွှေး' ဟူ၍ ဖြစ်သည်။ ဖန်တီးရေးဖွဲ့သူက 'တေးကဗျာတင်ချိုဦး' ဟုသိရသည်။ သားလေးအရွတ်အဆိုများသော ကဗျာတစ်ပုဒ်ကိုလည်းတွေ့ရသည်။ ကိုယ်ဟန်လေးယိမ်းနွဲ့ပြီး အမူအရာလုပ်၍ ရွတ်ဆိုရခြင်းဖြစ်သဖြင့်ချစ်စဖွယ်ကောင်းလှသည်။ ကလေးငယ်လေးများ ထိုကဗျာကလေးကို ရွတ်ဆိုကခုန်နေလျှင် မည်ရွေ့မည်မျှ ချစ်ဖွယ်ရာကောင်းမည်ကို မှန်းကြည့်ရုံနှင့်သိနိုင်ပါသည်။ ကဗျာလေးအမည်က 'ပောာဒီလို' ဟူ၍ ဖြစ်၏။

ဝါးပင်ကြီးတွေ ဘယ်လိုယိမ်း
ပောာဒီလို ယိမ်း။
ငှက်ခါးလေးတွေ ဘယ်လိုပျံ
ပောာဒီလို ပျံ။
ပင်လယ်ဖျံက ဘယ်လိုသွား
ပောာဒီလို သွား။
ကိုရွှေဖားက ဘယ်လိုခုန်
ပောာဒီလို ခုန်။
ဗုံသံကြားတော့ ဘယ်လိုက
ပောာဒီလို က...။

ကျွန်တော်ပင်လျှင် ကလေးနှင့်အတူ လိုက်ပါရွတ်ဆို ကခုန်ချင်စိတ်ပေါက်သွားပါသည်။ သို့သော် သွားမစရဲ။ အကျင့်မလုပ်ရဲ။ ဗုံသံကြားက ဘယ်လိုက ပောာဒီလိုက ဟူသော အပိုဒ်သည် ကျွန်တော့်အတွက် အခက်ခဲဆုံးဖြစ်လေသည်။ ဘယ့်နှယ်။ ဒီအရွယ်ကြီးကလျှင် ရှက်စရာကြီး။ ပိုဆိုးသော ကဗျာကလေးရှိသေးသည်။ ကဗျာအမည်က 'သရုပ်ဆောင်ကြမယ်' တဲ့။

လေးဘက်တွားလို့သွားရအောင်
ခွေးလေးတစ်ကောင်လို
တို့သရုပ်ဆောင်
ပောင်သလေးက ဝုတ်ဝုတ်
ငုတ်တုတ်ထိုင်လို့ အမြီးလှုပ်
ဝုတ် ဝုတ် ဝုတ် ဝုတ် ...
ဘဲလေးလုပ်လို့ သရုပ်ပြမယ်
ပုကွကွလေး လျှောက်ကြကွယ်
အတောင်ငယ်နှစ်ဖက်က ဖျတ်ဖျတ်
ခေါင်းလေးထောင်လို့ မတ်မတ်ရပ်
ဂတ် ဂတ် ဂတ် ဂတ် ...။

ထိုကဗျာလေးကို သားတော်မောင်နှင့်အတူ ဝင်ရောက်သီဆို သရုပ်ဆောင်နေတုန်း ဧည့်သည်ရောက်လာလျှင် ကျွန်တော် အခက်ကြီး ခက်ချိမ့်မည်။ ကောမစ်စာအုပ်ထဲက သူခိုးကြီး ငတက်ပြားလို 'ညွှတ်ချာဖျား' ဟု အော်ပြီး ထခုန်မည်ဖြစ်သည်။ ဧည့်သည်ကလည်း ကောမစ်စာအုပ်ထဲက သူခိုးကြီးငတက်ပြားလိုပင် ကျွန်တော့်ကို ပြူးဖြဲဖြဲကြည့်ပြီး 'အဟဲ နေကာန်းဒယ်နော်' ဟု မေးလာလျှင် ကျွန်တော် အဖြေရကျပ်လိမ့်မည်။ 'မကာန်းတော့နှင့်အပူပါလား' ဟု ရှက်ရမ်းရမ်း၍လည်း မသင့်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ လူလစ်လျှင် ထိုကဗျာလေးများကို ရွတ်ဆိုနေမိပါသည်။ စိတ်ကြည်နူးပါသည်။ လူလည်း ကြည်လင်လန်းဆန်းလာပါသည်။ ဘဝအမောတွေပြေပျောက်စေပါသည်။ လူတစ်ယောက်သည် ကလေးငယ်တစ်ယောက်လို နေထိုင်သင့်ကြောင်း ယေရှုခရစ်က ဆုံးမဖူးပါသည်။ လူတစ်ယောက်သည် အသက်ရှူရာတွင် ကလေးငယ်တစ်ယောက် အိပ်ပျော်စဉ် အသက်ရှူသလို နူးညံ့သိမ်မွေ့သင့်ကြောင်း တောက်တယ်ကျင်းဆိုသည့် တာအိုဓမ္မကျမ်းကလည်းမိန့်မှာပါသည်။ လက်ရှိ ပိုစ့်မော်ဒန်ခေတ်ပညာရှိအမြောက်အများကလည်း လူသားတို့သည် ကလေးသူငယ်များလို လွတ်လပ်စွာတွေးခေါ်နေထိုင်သင့်ကြောင်း စာတမ်းအမျိုးမျိုး ရေးသားဖွင့်ဆိုပါသည်။ တစ်ခါတစ်ခါ ဒါမျိုးနေထိုင်ပေးရန်လည်း လိုအပ်ပါသည်။ လူကွယ်ရာမှာဖြစ်စေ လူရှေ့မှာဖြစ်စေ ကျွန်တော်တို့ရွတ်ဆို၍ရသော ကလေးကဗျာလေးတစ်ပုဒ်ကိုလည်း ကျွန်တော် တွေ့ထားပါသည်။ သားတော်မောင်၏ မူကြိုကဗျာစာအုပ်မှ ကဗျာကလေးပဲဖြစ်သည်။ စာရှုသူလည်း စိတ်ဝင်စားလျှင် လိုက်ရွတ်၍ရပါသည်။ ကဗျာလေးအမည်က Smile, and Try တဲ့။

(Smile, Smile, Smile Every' Body Smile
Cry, Cry, Cry We will never cry
Try, Try, Try We must always try)²
Ever Smile, Never Cry)²
We must always try.

တင်ဆက်ပေးသူ Baby D (mmcybermedia.com)

mmcybermedia.com

## ကျွန်တော်နှင့်ဆောင်းရာသီဒသသန (၆)

Helen Frankenthalen ဆွဲသားခဲ့သော ပန်းချီကားများကို ပုံနှိပ်ဖော်ပြထားသည့် စာအုပ်တစ်အုပ် ကျွန်တော့်မှာ ရှိပါသည်။ အခါခါကြည့်ခဲ့ဖူးသော စာအုပ်ဖြစ်သော်လည်း ယခုထက်တိုင် မကြာမကြာ ကြည့်ဖြစ်နေမိဆဲဖြစ်ပါသည်။ ပန်းချီကားများမှာ အရုပ်များ မပါဝင်ပါ။ Color Combination ခေါ် အရောင်များတွဲစပ်မှုများသာ ပါဝင်ပါသည်။ အလွန်ကြည့်၍ ပသာဒရပြီးအလွန်ဆွဲဆောင်မှုရှိပါသည်။ ထိုပန်းချီဆရာမကြီးသည် ဂျက်ဆင်ပူးလော့၏ ဩဇာမကင်းသူဟု သတ်မှတ်ခံရသော်လည်း ကွဲပြားပါသည်။

ဆရာကြီးပူးလော့ (Pollock) က ပန်းချီကားရေးဆွဲရာမှာ အစက်ချနည်း၊ လောင်းချနည်းကိုသုံးပြီး ဗယ်ဗယ်နယ်နယ် ရေးဆွဲလေ့ရှိပါသည်။ နိုင်ငံခြားမဂ္ဂဇင်းတစ်အုပ်ထဲမှာ သူမ ပန်းချီရေးဆွဲစဉ်ရိုက်ကူးထားသော ဓာတ်ပုံတွေကို ကျွန်တော်ကြည့်ဖူးသည်။ အားရပါးရနိုင်လှ၏။ ပန်းချီကားတွေကလည်း ကောင်းလှ၏။ သူတို့၏ နည်းစနစ်ကို ပန်းချီပညာအရ Systemic Painting, Stain Painting, Post-Paintenly Abstraction စသဖြင့် သတ်မှတ်ခေါ်ဝေါ်ကြ၏။ ကျမ်းဂန်များတွင် အရောင်နယ်တည်ဖွဲ့ခြင်း (Color-Field Painting) ဟု ခေါ်းစဉ်ပြုကြသည်။

အရောင်များမှာ ထူးခြားမှုတွေရှိလေသည်။ ပန်းချီဆရာများအဖို့ အပြာ၊ အနီ၊ အဝါ အရောင်သုံးမျိုးသည် အခြေခံအရောင်ဖြစ်ကြသော်လည်း ဇာတ်ခုံပေါ်မှာတော့ ဆလိုက်မီးထိုးရသူများအတွက်တော့ အပြာ၊ အနီ၊ အစိမ်းသည် အဓိကအရောင်များ ဖြစ်ကြသည်။ ဆလိုက်မီးထိုးသူအနေနှင့် အနီရောင်နှင့် အစိမ်းရောင်ကို ရောထပ်လိုက်လျှင် အဝါရောင်ကိုရ၏။ ပန်းချီဆေးမှာ ထိုသို့မဖြစ်ပါ။ မွဲညစ်ညစ်အရောင်ကိုသာ ရလေသည်။

ကျွန်တော်တို့ငယ်စဉ်တုန်းက ကျောက်သင်ပုန်းအနက်ပေါ်မှာ မြေဖြူအဖြူနှင့်ရေးပြီး စာသင်ကြပါသည်။ နောက်ပိုင်းမှာ ကျောက်သင်ပုန်း အစိမ်းရောင်ကို အစားထိုးအသုံးပြုကြပါသည်။ ကောင်းပါသည်။ မျက်စေ့အားစိုက်ထုတ်ရမှုအပိုင်းမှာ လျော့နည်းသွားပါသည်။ အပူပိုင်းဒေသတွေမှာ အဖြူရောင်တွေထက် အနက်ရောင်သင်္ဘောများက အပူချိန် ၁၀ ဒီဂရီ ပိုစုပ်ယူပါသည်။ အပြာနှင့်လိုက်ဖက်အရောင်များသုံးကာ မွမ်းမံထားသောအခန်းသည် အေးသည်ဟု ယူဆရပါသည်။ အမှန်တော့ အရောင်၏လှည့်စားမှုသာ ဖြစ်ပါသည်။

ကမ္ဘာကျော်ရူပဗေဒပညာရှင်ကြီးတစ်ဦးဖြစ်သော ဆာအိုက်ဆက်နယူတန်က အရောင်နှင့်ပတ်သက်သော လေ့လာချက်များပါဝင်သည့် OPTICKS အမည်ရှိ ကျမ်းတစ်စောင်ကို သူ့ခေတ်သူ့အခါက ရေးသားထုတ်ဝေခဲ့ဖူးပါသည်။ ပညာရှင်များအကြားတွင် ဆွေးနွေးရသော ကျမ်းကြီးတစ်စောင်ဖြစ်ခဲ့ပါသည်။ (အရောင်နှင့်ပတ်သက်၍) နောင်းသိပ္ပံပညာရှင်တို့၏ပြောဆိုမှုများလည်းရှိ၏။ ဥပမာ-အနီရောင်၏ လှိုင်းအလျားသည် ၆၁၇ နာနိမီတာရှိသည်။ အစိမ်းရောင်၏ လှိုင်းအလျားသည် ၅၃၂ နာနိမီတာ ရှိသည်... စသဖြင့်။

Psychic Science အမည်ရှိ စာအုပ်တစ်အုပ်တွင် အရောင်ဖြင့် ဗေဒင်ဟောနည်းတစ်မျိုးကို တစ်ခန်းဖွဲ့၍ဖော်ပြထားတာကို ကျွန်တော်ဖတ်ခဲ့ဖူးသည်။ ဗေဒင်သဘောဖြစ်နေ ကျွန်တော်အကျယ်မပြောလိုပါ။ မက်စ်လူစကာအမည်ရှိ ပညာရှင်ကတော့ အရောင်နှင့်လူ့စိတ်တို့၏ ဆက်စပ်မှုကို သိပ္ပံနည်းကျ တင်ပြနိုင်ခဲ့ပါသည်။ လက်ခံသူများခဲ့ပါသည်။ တိဗက်ဘုန်းကြီးများက အရောင်ကမ္မဋ္ဌာန်း (Color Meditation) ကို ကျင့်ခဲ့ကြခြင်းသည် အရောင်နှင့်စိတ်တို့၏ ဆက်နွယ်မှုကို လေးနက်ထင်ရှားစေခဲ့ပြီးသား ဖြစ်ပါသည်။

အရောင်သည် လူသတ္တဝါတို့၏ စိတ်နှင့်သာဆက်နွယ်မှုရှိသည်မဟုတ်။ အသံနှင့်လည်း ဆက်သွယ်မှုရှိသည်။ ရနံ့နှင့်လည်း ဆက်သွယ်မှုရှိသည်။ သုတေသီများက ရှာဖွေတွေ့ရှိ စမ်းသပ်နေကြပြီဖြစ်သည်။

ဒါတွေကို ကျွန်တော်ပြောနေရခြင်းကအကြောင်းရှိပါသည်။ စာဖတ်သူကို အားလပ်သည့် အချိန်များတွင်ရေ့တွင်တင်ပြခဲ့သည့် အရောင်ပန်းချီရေးဆွဲစေချင်ခြင်း ဖြစ်ပါသည်။ မျက်လုံးပြူးမသွားပါနှင့်ဦး ခင်ဗျား။ ဆက်ပြောပါမည်။

ပန်းချီစနစ်များထဲတွင် Naive Art ဆိုတာရှိပါသည်။ ပန်းချီပညာမရှိသော ပန်းချီမဆွဲတတ်သောသူများကလည်းဝင်ဆွဲ၍ရပါသည်။ ကိုယ့်စိတ်အာရုံအတိုင်း ကိုယ်ဆွဲချင်သလိုဆွဲသော ပန်းချီကားမျိုးဖြစ်ပါသည်။ အထင်မသေးပါနှင့်။ ထိုနည်းစနစ်အရ နာမည်ကျော်ခဲ့သော ပန်းချီကားများ၊ ပန်းချီဆရာများ ကမ္ဘာမှာ အများအပြားရှိသည်။ (ထိုပန်းချီကားများကို ရေးဆွဲလိုက ရေးဆွဲစေလိုသော်လည်း) အရောင်ပန်းချီကားများကို ပို၍ရေးဆွဲစေချင်လိုစိတ်ရှိပါသည်။ ပို၍ဆန်းပြား နက်ရှိုင်းသော နယ်ပယ်တစ်ခုဆီသို့ ရောက်ရှိသွားစေလိုသောသဘောဖြစ်ပါသည်။ အသစ်အသစ်သော နယ်ပယ်တစ်ခုဆီသို့ ခရီးသွားဟန်လွှဲရောက်ရှိသွားနိုင်ပါသည်။ ဘာပဲဖြစ်ဖြစ် ပျော်စရာကောင်းပါလိမ့်မည်။ ကြည်နူးဖွယ်ရာဖြစ်ပါလိမ့်မည်။ စိတ်ထွက်ပေါက်လေးတစ်ခုပေါ့။ အတော့်ကိုနေသာထိုင်သာ ရှိပါသည်။ အခြားအခြားသော ကမ္ဘာကျော်ဆရာကြီးများနှင့် လောလောဆယ်ကိုယ့်ကိုယ်ကို နှိုင်းယှဉ်စရာမလိုပါ။ ကိုယ့်ကိုယ်ကို လျှော့တွက်ထား၍လည်း မဖြစ်ပါ။ လုပ်ကြည့်မှသိမည့်ကိစ္စဖြစ်ပါသည်။

မတော်တဆတွဲစပ်မိသော ကိုယ့်အရောင်ဒီဇိုင်းတစ်ခုကပင်လျှင် ကမ္ဘာကျော်ပန်းချီကားတစ်ချပ်ကို ယှဉ်နိုင်တာမျိုး ဖြစ်လျှင်လည်း ဖြစ်သွားနိုင်ပါသည်။ မည်သို့ပင်ဖြစ် ကိုယ်ကကိုယ့်အားလပ်ချိန်လေးမှာ အပျော်သဘောဖြင့် ပန်းချီကို (စမ်းသပ်) ရေးဆွဲခြင်းဖြစ်၍ စိတ်အခံပေါ့ပါးမှာတော့သေချာပါသည်။ ကျွန်တော်ကအပြုသဘောဆိုခြင်းဖြစ်ပါသည်။ အဖျက်သဘောဆိုခြင်းမဟုတ်ပါ။ ဤဆောင်းပါးကိုရေးရင်းတန်းလန်း အမှုးသမား

စာရိုက်ပေးသူ Baby D (mmcybermedia.com)

နစ်ယောက်အိမ်ပြန်ပုံဟာသတိုလေးတစ်ပုဒ်ကိုသတိရမိသောကြောင့်ဖြစ်၏။ တစ်ယောက်ကပြောသည်။

"ဒီလောက်ရှည်တဲ့လှေကားမျိုး တစ်ခါမှ မတက်ဖူးပါဘူးကွာ"

နောက်တစ်ယောက်က ပြန်ပြော၏။

"အေးလေ...လက်ရမ်းကလည်း တိုတိုလေး"

အမှန်တော့ သူတို့နှစ်ယောက်သည် မီးရထားသံလမ်းအတိုင်း လျှောက်နေကြခြင်းဖြစ်၏။ အဲဒီဟာသတိုအတိုင်းဖြစ်မည်ဆိုလျှင်တော့မလုပ်ပါနှင့်။ ကျွန်တော်ကိုယ်တိုင် စရယ်မိပါလိမ့်မည်။ သို့မဟုတ်လျှင်တော့လုပ်ပါ။ လုပ်စေချင်ပါသည်။ စေတနာနှင့် အကြံပေးခြင်းဖြစ်ပါသည်ခင်ဗျား။

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန (၇)

အလှူခံပုဂ္ဂိုလ်အမျိုးမျိုးသည် ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး အိမ်သို့ အလှူလာခံလေ့ရှိပါသည်။ လှူဒါန်းဖို့ဆိုလျှင် ကျွန်တော်ကလက်တွန့်လေ့ရှိသူမဟုတ်ပါ။ စေတနာရှိပါသည်။ သို့သော်တစ်ခါတစ်ရံတွင် စိတ်မောမိသည်ကိုလည်း ဝန်ခံရပါလိမ့်မည်။ အကြောင်းတစ်ခုကြောင့် တစ်အိမ်လုံးရင်ရှုပ်နေချိန်၊ ထိုင်ရာမှထမရအောင် ကိုယ့်အလုပ်နှင့်ကိုယ်ချာချာလည်နေချိန်မျိုး အိမ်ရှေ့မှအလှူခံပုဂ္ဂိုလ်က ရထားဆိုက်လာသလို တကြော်ကြော်အော်ဟစ်နေလျှင် စိတ်ညစ်ရသည်။ ထလှူလိုက်ပါသည်။ သို့သော် စေတနာအရမဟုတ်ဘဲ အအော်ရပ်အောင်မျိုးဖြစ်နေပါတော့သည်။

ထိုကိစ္စနှင့်ပတ်သက်ပြီး စိတ်အေးလက်အေးရှိချိန်မှာ ကျွန်တော်က ရယ်ရွှန်းပတ်ရွှန်းစကားဆို ဖြစ်ပါသည်။ ဖတ်ဖူးသော ဟာသတစ်ခုကို ပြန်ပြောခြင်းဖြစ်၏။

"ရေကူးကန်ဆောက်ဖို့အတွက် လာရောက်အလှူခံပါတယ် ခင်ဗျား"

"မိန်းမရေ...နောက်ဖေးက ရေတစ်ပုံးလောက်ခပ်ပြီး လှူလိုက်ပါကွယ်"

ထိုဟာသကို ကျွန်တော်ပြောပြတော့ အားလုံးက ဝိုင်းရယ်ကြပါသည်။ ထိုအိမ်ထောင်ဦးစီးသည် သက်သက် အငေါ်တူးသည်လား၊ အမှန်တကယ် နားလည်မှုလွဲသည်လား မပြောတတ်ပါ၊ ဟာသတော့မြောက်ပါသည်။ တစ်ယောက်က ကျွန်တော့်ကိုမေးလာသည်။

"ဖြန့်ထွက်တွေးခြင်းဆိုတာ အဲဒါမျိုးလား"

"အဲ...မသိဘူး၊ ဟုတ်ချင်လည်း ဟုတ်မှာပေါ့"

ကျွန်တော် အမှန်တကယ်မပြောတတ်ခြင်း ဖြစ်ပါသည်။ ဖြန့်ထွက်တွေးခြင်း (Lateral Thinking) ဆိုသည်မှာ 'အက်ဒဝပ်ဒီဘိုးနိုး' ဆိုသောပညာရှင်က လက်တို့၍ပြောလာသောအကြောင်းအရာဖြစ်ပါသည်။ O.P.V ဟု အတိုကောက်ခေါ်ကြသော အခြားသောရှုထောင့်မှကြည့်မြင်မှု (other point of view) ကို ဦးစားပေးပါသည်။ ဖြန့်ထွက်တွေးခြင်းနှင့် ပတ်သက်လာလျှင် PO ဆိုသော စကားလုံးလည်းရှိပါသည်။ PO ကို Hypothesis, Possible, Suppose, Poetry ဟူသော စကားလုံးများမှ ယူထားခြင်းဖြစ်သည်ဟု သိရပါသည်။ အကြမ်းဖျင်းယူဆချက်၊ ဖြစ်နိုင်ဖွယ်၊ အကယ်၍များဖြစ်လာခဲ့လျှင်၊ ကဗျာမှုပြုကြည့်ခြင်း စသည့်အဓိပ္ပါယ်များဟုအလွယ်ဆိုနိုင်ပါသည်။ အထူးပြုလေ့လာသောလူငယ်တွေ ပေါ်ထွက်လာပါသည်။ ဝမ်းမြောက်ဖွယ် အချင်းအရာဖြစ်ပါသည်။

'ပီတာဒရပ်ကား' အကြောင်းကိုလည်း တော်တော်ပြောကြသည်။ 'ဦးနှောက်မုန်တိုင်းတိုက်ခတ်ခြင်း' ဟုဘာသာပြန်ဆိုကြသည့် (Brain Storming) အကြောင်းကိုလည်း လက်ဖက်ရည် စကားဝိုင်းတွေမှာကြားလာရသည်။ ကျွန်တော် စိတ်ချမ်းမြေ့မိပါသည်။ ဤသို့ဖြစ်သင့်သည်မှာကြာပါပြီ၊ သို့သော်ကျွန်တော့်အတွက်လည်း အလုပ်ရှုပ်စရာ ဖြစ်လာပါသည်။ တွေ့သူတွေကကျွန်တော့်ကို ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး မေးမြန်းဆွေးနွေးလေ့ရှိသောကြောင့်ဖြစ်ပါသည်။ ကျွန်တော်ကလည်းဖတ်မှတ်ထားသမျှ လေ့လာကြုံတွေ့ထားသမျှကိုအကျဉ်းအနေနှင့်ဖြစ်စေ၊ အကျယ်အနေဖြင့်ဖြစ်စေ ပြန်လည်ဆွေးနွေးရပါသည်။

ဤဆွေးနွေးချက်ကို ဤဆောင်းပါးတွင် အကျယ်တဝင့်မဆိုတော့ပါ။ ဆောင်းပါး စာမျက်နှာနှင့်ဆန့်မည် မဟုတ်ပါ။ အလျဉ်းသင့်လျှင် စာအုပ်တစ်အုပ်ရေးရန် စိတ်ကူးရှိပါသည်။ ဤဆောင်းပါးတွင် ပြောလိုရင်းအချက်က သက်သက်ရှိပါသည်။

အချို့က (Lateral Thinking) နှင့်ပတ်သက်ပြီး ကျမ်းကြီးကျမ်းငယ်များကို နိုင်ငံခြားမှ ကြေးကြီးပေးပြီး ရှာဖွေဖတ်ရှုရပါသည်။ (ကျွန်တော့်အမြင်ပြောရလျှင်) ထိုမျှလောက် မလိုအပ်ပါ။ ပင်ပန်းပါသည်။ အမှန်ဆို မြင်တတ်သောမျက်စေ့ရှိလျှင် ဖြစ်ပါသည်။ တွေးတတ်သောဦးနှောက်ရှိလျှင် ဖြစ်ပါသည်။ ဥပမာလေးတွေ ကျွန်တော်ပေးပါမည်။ နိုင်ငံတကာဟာသအတိုလေးများထဲမှ 'ဖြာထွက်တွေးခေါ်မှု' (Divergence Thinking) ပုံစံကလေးများ အကြောင်း ဖြစ်ပါသည်။

မေး။ ။ မင်းရဲ့နှာခေါင်းက ဘာဖြစ်လို့ ဆယ့်နှစ်လက်မအထိ မရှည်တာလဲ။

ဖြေ။ ။ တစ်ပေဖြစ်သွားမှာ စိုးလို့ပါ။

မေး။ ။ ခြေထောက်မဟုတ်ဘဲ ဖိနပ်ကိုပါးအောင်လုပ်တာ ဘာလဲ။

ဖြေ။ ။ လမ်း။

မေး။ ။ ဟုတ်ပါတယ်လို့ ပြန်ဖြေမရတဲ့ မေးခွန်းကဘာလဲ။

ဖြေ။ ။ မင်း အိပ်ပျော်သွားပြီလားဆိုတဲ့ မေးခွန်း။

မေး။ ။ သယ်ခါစမှာလေးပြီး သယ်ရင်းနဲ့မှ ပေါ့လာတာ ဘာပစ္စည်းလဲ။

ဖြေ။ ။ ရေခဲတုံး။

မေး။ ။ စာပို့ခိုနဲ့သစ်တောက်ငှက်ကို မျိုးစပ်ရင်ဘာထူးမလဲ။

ဖြေ။ ။ အဲဒီငှက်က စာလည်းပို့တတ်မယ်။ အိမ်တံခါးကိုလည်း ခေါက်တတ်မယ်။

မေး။ ။ သစ်ကုလားအုပ်က ဘာကြောင့်လည်ပင်းရှည်တာလဲ။

ဖြေ။ ။ ခေါင်းနဲ့ကိုယ်ဝေးနေလို့။

ဤဥပမာပုံစံလေးများကို ဖတ်ရှုဖြင့်ဖြင့် သမားရိုးကျမဆန်သော တွေးလုံးလေးများကို သတိပြုမိကြပါလိမ့်မည်။ ထူးခြားသောချဉ်းကပ်မှုကို မြင်ရပါလိမ့်မည်။ ထိုသို့သော ဟာသအတိုလေးများကို လေ့လာသုံးသပ်လျှင် မိမိဖာသာလည်း စမ်းသပ်လေ့ကျင့်

တင်ဆက်ပေးသူ Baby D (mmcybermedia.com)

mmcybermedia.com

လျှင် အိုင်ဒီယာကျယ်ပြန့်မှုကို ရနိုင်ပါသည်။ ပျော်စရာလည်းကောင်းပါသည်။ သိပ်လည်း နင်လား ငါလား အားစိုက်ထုပ်စရာမလိုပါ။ ပေါ့ပေါ့ပါးပါး (သတိကလေးနှင့်) အတွေး ဖြန့်ကျက်သွားဖို့ကိုပဲ အကြံပေးချင်ပါသည်။ သူများမတွေးမိသည့်ထောင့်မှ ကိုယ်တွေး တတ်လာလျှင် ဘဝမှာ အများကြီး အကျိုးရှိလာပါလိမ့်မည်။

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန (၈)

ကျွန်တော် သတိပြုမိသောအချိန်မှာ လက်ဖက်ရည်ဆိုင်က လူတွေ ပြည့်ကျပ်နေပြီဖြစ်၏။ အစကတော့ တစ်ယောက်စ နှစ်ယောက်စပဲ ရှိပါသည်။ ကျွန်တော်လည်း လက်ဖက်ရည်တစ်ခွက်မှာပြီး ဟိုငေးဒီငေးနှင့် ရောက်တတ်ရာရာ တွေးနေမိသည်။ ဆိုင်ကို ကျောပေးထိုင်မိသဖြင့် ဆိုင်တွင်းမှ လှုပ်ရှားမှုများကို မသိလိုက်။ ဆိုင်ရှင်က ဗီဒီယိုဇာတ်ကားတစ်ခွေကို ထိုးလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် ဆိုင်ထဲမှာ ထိုင်ခုံလွတ်မရှိအောင် လူများသွားသည်။

အချို့က ဆိုင်ထဲသို့မဝင်တော့ဘဲ ဆိုင်အပြင်မှပဲ ဗီဒီယိုဇာတ်ကားကို ရပ်ကြည့်နေကြသည်။ (ကျွန်တော်တို့ရပ်ကွက်ထဲမှာ သည်လိုပဲရှိပါသည်) စိတ်ကူးပျက်သွားသဖြင့် ကျွန်တော်က ငွေရှင်းပေးပြီး လက်ဖက်ရည်ဆိုင်မှ ထထွက်လာခဲ့သည်။ ဗီဒီယိုဇာတ်ကားကတော့ စိတ်ဝင်စားဖွယ်ကောင်းပုံရပါသည်။ လူသားများနှင့် စက်ရုပ်များ စစ်ခင်းကြပုံကို ဇာတ်လမ်းဆင်ပြီး ရိုက်ထားခြင်းဖြစ်သည်။

"ဆရာ ပြန်ပြီလား"

"အေးဗျာ၊ ပြန်တော့မယ်"

လက်ဖက်ရည်ဆိုင်ထဲမဝင်ဘဲ လမ်းမှာရပ်ကြည့်နေသည့် ပူဖောင်းသည်က မေးမြန်းခြင်းဖြစ်သည်။ သူ့ကို ကျွန်တော်မသိပါ။ သို့သော် လူမှုရေးအရ မရိုင်းအောင် ဆက်ဆံရပါသည်။ မထင်မှတ်သောကိစ္စတစ်ခုကို သူလုပ်ပါသည်။ သူကပါ ကျွန်တော်နှင့်အတူ တွဲလျှောက်ခြင်းဖြစ်ပါသည်။ မသိသောလူတစ်ယောက်နှင့် လမ်းတွဲလျှောက်ရခြင်းမှာ ကသိကအောက်နိုင်လှပါသည်။ ထို့အပြင် ပူဖောင်းသည်နှင့်လည်း တစ်ခါမှလမ်းတွဲမလျှောက်ဖူးပါ။

သူက ပူဖောင်းများကို အရုပ်ချိုးပြီး၊ အထမ်းကလေးနှင့် ရောင်းသူဖြစ်ပါသည်။ ထိုအထမ်းကြီးနှင့် ကျွန်တော့်ဘေးမှလိုက်လျှောက်လာခြင်းဖြစ်သည်။ အင်္ဂလိပ်ဂဏန်း 8 ပုံစံ ပူဖောင်းလေးကို သူ့လက်ကကိုင်ထားပါသည်။ ညှစ်လိုက်လျှင် 'ပိကျိ ပိကျိ' ဟု မြည်သည်။ ပူဖောင်းရောင်းရင်း ကျွန်တော့်နံဘေးမှ လိုက်လျှောက်ရင်း သူကမေးပါသည်။

"ကျောက်ရုပ်တွေ၊ ကြေးရုပ်တွေကို ကြည့်ပြီး စက်ရုပ်တွေကို ထွင်ကြတာလား ဆရာ...ပိကျိ ပိကျိ"

"ဟုတ်မှာပေါ့ဗျာ"

ကျွန်တော်က ခပ်ဖော့ဖော့ဖြေလိုက်သည်။ သူက ထပ်မေးပြန်ပါသည်။

"စက်ရုပ်တွေက တကယ့်တကယ် လူတွေထက်သာသွားရင် လူတွေဘယ်လိုလုပ်ကြမလဲ ဆရာ ... ပိကျိ ပိကျိ"

မလွှဲသာသဖြင့် ကျွန်တော်က အကျယ်တဝင့် ပြောရပါတော့သည်။ သူကလည်း ပိကျိ ပိကျိ လုပ်ရင်း နားထောင်ပါသည်။ (ပိုစ့်မော်ဒန် ကမ္ဘာထဲတွင် စက်ရုပ်တို့၏ အခန်းကဏ္ဍကို လျစ်လျူရှု၍ မရတော့ချေ။)

စက်ရုပ် (Robot) ဟူသော စကားလုံးကို ချက်လူမျိုးစာရေးဆရာ Karel Capek က ပြဇာတ်တစ်ပုဒ်မှာ စသုံးခြင်းဖြစ်သည်။ ပြဇာတ်အမည်က Rossum's Universal Robots ဖြစ်၏။ အလုပ်တာဝန်များကို ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် လူသားများကပင် စက်ရုပ်များကို တစိမ့်စိမ့် တီထွင်လာခဲ့ ခြင်းဖြစ်သည်။

စက်ရုပ်များသည် အရာဝတ္ထုများကို အပြားလိုက်ပဲ မြင်လိုက်သည်ဟုဆိုသည်။ အလျား၊ အနံ၊ အမြင့် ဟူ၍ ပတ်လည်ချုံငုံမြင်နိုင်စွမ်း သူတို့မှာမရှိကြ။ စက်ရုပ်ကို ဉာဏ်ပညာထည့်နိုင်အောင် ကြိုးစားကြသည်။ မင်စကီ (Minsky) ၏ နည်းနှင့် မက်ကာသီ (Mc Carthy) ၏ နည်းဆိုပြီး နှစ်မျိုးကွဲသည်။ မင်စကီက ဖရိမ် (Frame) ကလေးတွေ ခတ်ခတ်ပြီး အသိဉာဏ်သွင်းသည်။ မက်ကာသီက ယုတ္တိဗေဒ (Logic) တွေထည့်ပြီး အသိဉာဏ် သွင်းသည်။ နှစ်မျိုးစလုံး သူ့နည်းနှင့်သူ အောင်မြင်ကပါသည်။

နောက်တော့ Standford ဟူသော နည်းတစ်နည်းခေတ်စားလာသည်။ Myein ဟုလည်းခေါ်သည်။ နည်းစနစ်အသိပညာများကို အလွှာလိုက်ထပ်ပေးခြင်းဖြစ်သည်။ ထိုအလွှာများပေါင်းစပ်ထိတွေ့ရာမှ စက်ရုပ်၏အသိဉာဏ်နိုးကြားလာစေခြင်းဖြစ်သည်။ ဆေးပညာဆိုင်ရာ ရောဂါရှာဖွေကုသမှုမှာပင်လျှင် ထိုစက်ရုပ်များကို အသုံးချ၍ ရသည်ဟုဆိုသည်။

"ဒါဆို...စက်ရုပ်တွေမှာ လူ့အသိဉာဏ် ရှိနေပြီပေါ့နော် ဆရာ ပိကျိ ပိကျိ"

ထိုကိစ္စကလည်း အတော်ခက်ပါသည်။ စက်ရုပ်မှာ လူတို့၏သဘာဝစိတ် (Common Sense) ထည့်၍ ရမရ သုတေသီများ အငြင်းပွားခဲ့ကြသည်။ မလွယ်လှပါ။ လူ့သဘာဝစိတ်ဆိုသည်ကလူ့ခန္ဓာကိုယ်အတွင်းမှာရှိနေသည့် ဓာတုဗေဒအခင်းအကျင်း (Chemical State) ပေါ်တည်ပါသည်။ စက်ရုပ်မှာက ထိုသို့သော အနေအထား မရှိပါ။ ထို့ကြောင့် စက်ရုပ်တွေမှာ ခံစားချက်ရှိဖို့မလွယ်ပါ။ သို့သော်...။

ထိုသို့သော်က အရေးကြီးပါသည်။ ဤရွေ့ဤမျှ နည်းပညာတွေ ပေါက်ကွဲနေသော အချိန်ကာလမှာ မဖြစ်နိုင်ဘူးဟုလည်း ဘာကိုမှကံသေကံမမပြောရဲပါ။ သိပ္ပံစာရေးဆရာ အိုက်ဆက်အက်ဆီမော့ (Isaac Asimov) က လူသားတို့၏ ဥပဒေတရား စီရင်ရေးများပင်လျှင် စက်ရုပ်တွေက ဝင်ရောက်ဆွေးနွေးဆုံးဖြတ်မည့်သဘောမျိုးကို ဝတ္ထုရေးဖူးပါသည်။

၁၉၄၀ ပြည့်နှစ်က သူကပင်လျှင် စက်ရုပ်တွေနှင့် ပတ်သက်သော ဥပဒေသုံးချက်ကို (သူ့ဘာသာသူ) ပြဋ္ဌာန်းသွားပါသည်။

စာရိုက်ပေးသူ Baby D (mmcybermedia.com)

mmcybermedia.com

(၁) လူကို မထိခိုက်စေရ။
(၂) အမိန့်ကို နာခံရမည်။
(၃) မိမိကိုယ်ကို ကာကွယ်နိုင်ရမည်။

ထိုအကြောင်းတွေကို ကျွန်တော်က ကောင်းကောင်းမွန်မွန် ပြောနေရခြင်းမဟုတ်ပါ။ သူ့ဆီ ပူဖောင်းရုပ်လာဝယ်ကြလျှင် စကားစပြတ်သွားပါသည်။ သူ ပူဖောင်းရောင်းရသည်ကို (မဆီမဆိုင်) ကျွန်တော်က ရပ်စောင့်ပေးနေရပါသေးသည်။ ဘဝမှာ ဒါမျိုးတစ်ခါမှ မကြုံဖူးပါ။ နောက်တော့ သူကပဲ...

"ဆရာနဲ့ စကားပြောရတာ ကောင်းတယ်ဗျာ...ပိကျို ပိကျို"

"ဟုတ်ကဲ့"

"ဝမ်းရေးအတွက် ဟိုဘက်လမ်းကို သွားလိုက်ဦးမယ်၊ ခွင့်ပြုနော် ဆရာ...ပိကျို ပိကျို"

သူနဲ့လမ်းခွဲပြီး အိမ်ကို ဖြောင့်ဖြောင့်တန်းတန်း ပြန်လာခဲ့ပါသည်။ အိမ်မှာ မဂ္ဂဇင်းတစ်အုပ်ကစောင့်နေသည်။ ကျွန်တော့်ကို ချိုးနှိမ်ပုတ်ခတ်ထားသည့် ဆောင်းပါးတစ်ပုဒ်ပါသည်။ အချက်အလက်စွပ်စွဲချက် အကုန်လုံးတစ်လွဲချည်းပါပဲ။ တုံ့ပြန်ရန် စိတ်မကူးမိပါ။ ရယ်ပဲရယ်နေလိုက်ပါသည်။

ထိုအချိန်မှာပဲ အတွေးတစ်ခုက ဖျတ်ခနဲ ဝင်လာသည်။ စက်ရုပ်တွေက မရယ်တတ်ချေ။ စက်ရုပ်တွေက ရယ်တတ်တဲ့တစ်နေ့။ ပေါ့ပျက်ပျက်ပြောခြင်း မဟုတ်ပါ။ ထိုစကားကို ကျွန်တော်အလေးအနက်ပြောခြင်းဖြစ်ပါသည်။ စက်ရုပ်တွေ ရယ်တတ်လာတဲ့တစ်နေ့...

အင်း...ပိကျို ပိကျိုတော့ ဖြစ်ကြရဦး မည်ထင်ပါသည်။

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန (၉)

'...ဖြစ်လျှင်ဖြစ်၊...မဖြစ်လျှင်...ဖြစ်' ဟူသောစကားမျိုးကို ကျွန်တော်အခါခါကြားခဲ့ရဖူးပါသည်။ Either or Logic, Black and White Logic ဆိုတာမျိုးနှင့် နီးစပ်နီးနွယ်မှုရှိသည်ဟု ယူဆရပါသည်။ သည်းထိပ်ရင်ဖိုဆန်လှသော အယူအဆ ဖြစ်ပါသည်။ ရှိသမျှပုံအောပြီး ဖဲရိုက်ခြင်း၊ ဂျင်ဝင်ထိုးခြင်းမျိုးကို ကျွန်တော်မဆိုလိုပါ။ Calculated Risk ဆိုသော တွက်ချက် စွန့်စားမှုမျိုးနှင့် လုပ်ငန်းတစ်ခုခုကို ပြတ်ပြတ်သားသား ဆောင်ရွက်တတ်သူများအတွက်သာစဉ်းစားကြည့်ခြင်းဖြစ်ပါသည်။ သူဌေးဖြစ်လျှင်ဖြစ်၊ သူဌေးမဖြစ်လျှင်လည်းခွေးတော့မဖြစ်သည့်အနေအထားကိုဖန်တီးနိုင်လျှင် ပိုကောင်းမည်ဟုထင်မိပါသည်။

ထိုသဘောထားမျိုးနှင့်ပတ်သက်၍ နိုင်ငံတကာ ပညာရှင်များက တင်ပြလာသည့် အယူအဆအမျိုးမျိုးလည်း ရှိပါသည်။ သို့သော် 'သူဌေးဖြစ်၊ ခွေးဖြစ်' အယူအဆကိုပင် လက်တွေ့ကျကျ ရင်ဆိုင်နေတာကများပါသည်။ ကျွန်တော် ပတ်ဝန်းကျင်မှာ လုပ်ငန်းတစ်ခုကို ထိုသို့အကောင်အထည်ဖော်ကြသူတွေတစ်ယောက်ပြီးတစ်ယောက် တွေ့နေရပါသည်။ ကျွန်တော့်ဘဝမှာလည်းမကင်းခဲ့ပါ။ 'သေမြေကြီး ရှင်ရွှေထီး' ဆိုပြီး ဆောင်ရွက်ခဲ့ရတာတွေရှိပါသည်။

သိကျွမ်းခဲ့ဖူးသော လူတစ်ယောက်အကြောင်း စဉ်းစားကြည့်မိပါသည်။ ဗေဒင်ဆရာတစ်ယောက်ဖြစ်၏။ နာမည်ကြီးအောင်နေတတ်သဖြင့် နာမည်ကြီးသော်လည်း ဟောချက်များက မမှန်ပါ။ ဥပမာ... ကျွန်တော့်အမျိုးသမီး မိတ်ဆွေတစ်ဦးက သူ့ထံတွင် ဟောစာတမ်းသွားရေးခိုင်းသည်။ ကြေးကြီးပါသည်။ ဟောစာတမ်းကို အိတ်ပိတ်ပေးပြီး ဘယ်နေ့၊ ဘယ်နာရီ၊ ဘယ်မိနစ်မှာမှ ဖွင့်ဖတ်ရမည်ဟူသော ညွှန်ကြားချက်က ပါသေးသည်။ ပြီးတော့လည်း ဟောထားတာတွေကတလွဲ။

ဆိုပါစို့။ 'ဇနီးသည်ကို လစာမှန်မှန် ပြန်မအပ်သဖြင့် မကြာခဏ အချင်းများရလိမ့်မည်' ဆိုတာမျိုး။ ဗေဒင်မေးသူက ဘာဇနီးသည်မှရှိသည်မဟုတ်။ သူကိုယ်တိုင်က အမျိုးသမီး၊ အိမ်ထောင်လည်းမရှိ။ လစာထုတ်ရအောင် ဝန်ထမ်းလည်းမဟုတ်။ သူမ အောင့်သက်သက်ဖြစ်နေတာကိုကြည့်ပြီး ကျွန်တော့်မှာ ရယ်ရသေးတော့သည်။

ကျွန်တော့်ပုဂ္ဂိုလ်က ထိုသို့သော ဗေဒင်ဆရာမျိုး။ ကျွန်တော့်ကိုဆိုလျှင် မကြာခဏ ဗေဒင်ဟောသည်။ ဟောတိုင်းလွဲသည်။ တစ်ခုမှမမှန်။ သို့သော် သူက ဟိတ်ဟန်တော့ အလွန်သုံးသည်။ နိုင်ငံခြားရောက်နေသော ကျွန်တော့်ညီမငယ်တစ်ယောက်ကို ရှစ်လအတွင်း အိမ်ထောင်ကျမည်ဟု အတိအကျဟောသည်။ နိုင်ငံခြားရောက် မြန်မာများ၏ တွေ့ဆုံပွဲတစ်ခုတွင် စတင်တွေ့ဆုံခဲ့ကြမည်။ နှစ်လအတွင်းတွေ့မည်။ ထိုသူသည် မြန်မာပြည်ဖွား တရုတ်အမျိုးသားတစ်ယောက် ဖြစ်မည်။ စသည်ဖြင့်...။ ထုံးစံအတိုင်းပါပဲ။ တက်တက်စင်အောင်လွဲပါသည်။ နှစ်တွေတစ်နှစ်ပြီးတစ်နှစ်လွန်သွားပြီး ကျွန်တော့်ညီမလည်း အပျိုကြီးစာရင်းဝင်သွားပြီဖြစ်သည်။ ကျွန်တော်က စာရေးပြီး နောက်လျှင်သူမ အလွန်ဒေါကန်သည်။ ထိုညီမငယ်က လှပါသည်။ တော်လည်းတော် ထက်လည်းထက်ပါသည်။ သူမဘာသာ ဇီဇာကြောင်သဖြင့် အိမ်ထောင်မကျခြင်းဖြစ်ပါသည်။ ဤကြားထဲမှာ ကျွန်တော့်မိတ်ဆွေကြီးထုတ်သော ဟောကိန်းတစ်ခုကြောင့် တစ်ဆွေလုံး တစ်မျိုးလုံး အူကြောင်ကြောင်ဖြစ်ကြရသည်ကို ပြန်တွေးတိုင်း ပြုံးမိရပါသေးသည်။

သူနှင့်ဆုံတိုင်း စိတ်စနောင့်စနင်း ဖြစ်စရာလေးတွေ ကြုံရလေ့ရှိပါသည်။ ဥပမာ... ဘိုးတော်ပုံစံ ဝတ်ဆင်ထားသည့် ထိုပုဂ္ဂိုလ်က ဘလက်လေဘယ် ပုလင်းကြီးထုတ်လာကာ ကျွန်တော့်ကို 'သောက်မလား' ဟုမေးသည်။ (ထိုကာလပိုင်းများမှာ ကျွန်တော်က အရက်သောက်လေ့ရှိဆဲဖြစ်ပါသည်။) သို့သော် မသင့်တော်ဟုယူဆကာ ကျွန်တော်

တရိုက်ပေးသူ Baby D (mmcybermedia.com)

ပြင်းလိုက်ပါသည်။ သောက်လျှင်လည်း ကိုယ့်အိမ်ကျမှ ကိုယ့်ဘာသာ အေးအေးလူလူ သောက်မည်ပေါ့။ သူဖော်ထားသော 'မျက်နှာပွင့်ဆေး' ဆိုတာကို ပေးသည်။ မသိချင်ယောင်ဆောင်ကာ ကျွန်တော်မယူခဲ့။

သူ သံလိုက်နှင့် နမ်းဆီကို (ဂါထာမွန်နှင့်ရွှန်လျက်) ကျောက်ပျဉ်ပေါ်မှာ သွေးထားသော အရည်ပျစ်ပျစ်များဖြစ်၏။ 'ပီယဆေး' ဟုလည်းပြောသည်။ သူ့ဘာသာသူ အရင်လိမ်းကြည့်သည်ထင်သည်။ မျက်နှာပွင့်မပွင့်တော့မသိ။ သူ့တစ်ကိုယ်လုံး အနာတွေ၊ အဖုအပိမ့်တွေပေါက်၍ ဆေးကုသမှုခံရသေးသည်။ ထားပါတော့။ သူ့အကြောင်းတွေက ပြောရလျှင် ကုန်ဖွယ်ရာမရှိ။ ကျွန်တော်တင်ပြလိုသည့် အဓိကအချက်ဆီသွားကြမည်။

သူက ရက်ရှည်အဓိဋ္ဌာန်တစ်ခု ဝင်နေသည်ဟု ကျွန်တော်သိထားသည်။ ဘာအဓိဋ္ဌာန်မှန်းတော့မသိပါ။ ကျွန်တော်စိတ်မဝင်စားပါ။ သူ့ပုံသူ့ပန်းကြည့်ပြီး အောင်မြင်မည်မဟုတ်ဟုလည်း ကြိုသိနေပါသည်။ သို့သော် မေးကြည့်လိုက်ပါသည်။

"ဒီအဓိဋ္ဌာန်ပြီးမြောက်သွားလျှင် ဘာဖြစ်မလဲဗျ"

"ဘိုးတော်ဖြစ်မှာပေါ့ဗျာ"

"ဘိုးတော်ဖြစ်ရင်တော့ ဟုတ်ပါရဲ့၊ ဘိုးတော်မဖြစ်ရင်ရော..."

ကျွန်တော့်မေးခွန်းကြောင့် သူ ကသိကအောင့် ဖြစ်သွားပုံရပါသည်။ ပြတ်တောက်တောက် ပြန်ဖြေသည်။

"ဘိုးတော်မဖြစ်ရင် ငပေါကြီးဖြစ်ပေ့ါဗျာ"

သူ့အဓိဋ္ဌာန်ပြီးမြောက်သွားတာက နှစ်ချီ၍ ကြာခဲ့ပြီ။ သူ 'ဘိုးတော်' မဖြစ်လိုက်ပါ။ ထို့ကြောင့် သူ့စကားအတိုင်း သူ ငပေါကြီး ဖြစ်ရပါတော့သည်။ ကျွန်တော် တွေးမိသော အချက်ကို ဆိုပါမည်။

"...ဖြစ်လျှင်ဖြစ်၊ ...မဖြစ်လျှင်...ဖြစ်" ဟူသော လုပ်ဆောင်မှုများအတွက် 'ကိုယ့်ကိုယ်ကို နားလည်ဖို့လိုပါသည်။ (Self-Concept) စွန့်စားရဲဖို့လိုပါသည်။ (Risk-Taking Ability) ဒွိဟအနေအထားများကို ခံနိုင်စွမ်းရှိရပါမည်။ (Tolerance For Ambiguity) အတွင်းအပြင် ထိန်းချုပ်နိုင်မှုရှိဖို့ လိုပါသည်။ (Internal Vs External Control) သို့မဟုတ်လျှင် မလွယ်ပါ။

ညွှန်းဆိုချက် (Reference Point) ကလည်း အရေးကြီးသလိုပင်။ တောင်တွေးမြောက်တွေး စဉ်းစားကြည့်မိသည်။ 'ဘိုးတော်ဖြစ်လျှင်ဖြစ် မဖြစ်လျှင်ငပေါကြီးဖြစ်' ဟူသော အူတီးအူကြောင်ညွှန်းဆိုချက်က ပို၍ ရဲရင့်ပြတ်သား နေမည်လားဟု။

## ကျွန်တော်နှင့်ဆောင်းရာသီဒဿန (၁၀)

အင်္ဂလန်သို့သွားရန် စီစဉ်နေသော ဘုန်းတော်ကြီးတစ်ပါးနှင့် စကားပြောဖြစ်သည်။ ကျွန်တော်တို့အိမ်နံဘေး ဘုန်းကြီးကျောင်းမှ ဆရာတော်ပဲဖြစ်၏။ ခါတိုင်းဆိုလျှင်တော့ အဘိဓမ္မာအကြောင်း၊ ဗုဒ္ဓဘာသာအကြောင်း ဆွေးနွေးနေကျ။ ဤတစ်ကြိမ်တွင်တော့ ကိုယ်ရေးကိုယ်တာနှင့် နီးနွယ်သော စကားများကို ဆိုဖြစ်ကြသည်။

"ကိုမင်းဝေ ရောဂါသက်သာရဲ့လား"

"နည်းနည်းပါးပါးတော့ သက်သာပါတယ် ဆရာတော်ရယ်"

ကျွန်တော် ကျန်းမာရေးမကောင်းတာ နှစ်ချီကြာခဲ့ပြီ။ ရင်းနီးသူများနှင့် နီးစပ်သူများက သိကြသည်။ အိမ်ထဲမှအိမ်ပြင် သိပ်မထွက်နိုင်တော့။ စာရေးစာဖတ်အလုပ်ကိုပင် အိပ်ရာထဲမှာပဲ အားခဲလုပ်ရသည်။ ကျွန်တော်ပေပေတေတေနေခဲ့စဉ်က သံမံတလင်းပေါ်မှာ ငါးနှစ်ခန့်အိပ်ခဲ့သည်။ ထိုဒဏ်ရာတွေကို ယခုမှ ပြန်ခံရခြင်းဖြစ်သည်။

"ကိုမင်းဝေရဲ့ရောဂါက ကုရခက်တယ်"

"ဟုတ်တယ် ဆရာတော်"

"ကြံ့ကြံ့ဖန်ဖန် ကိုမင်းဝေကျမှ အဲ့ဒီရောဂါ ဖြစ်ရတယ်လို့"

"ကျော်ကျော် လာပြီးနောက် ဖြစ်သွားတာပဲ"

"ဘယ်ကျော်ကျော်လဲ၊ ကြံ့ခင်းစုထဲက လူမိုက်ကျော်ကျော်လား"

"အာ...မဟုတ်ပါဘူး၊ ရုပ်ရှင်မင်းသား အကယ်ဒမီ မင်းမော်ကွန်းကိုပြောတာ"

ကျော်ကျော်က သူ့ဗီဒီယိုဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းလာတောင်းသည်။ သူ့အဖေ ကိုဌေး(ဇင်ဝိုင်း)ကလည်း ကျွန်တော်နှင့် ညီအစ်ကိုလိုနေသူဖြစ်၍ လုပ်ပေးရမည့် ဝတ္တရားရှိသည်။ အခန်းတံခါးပိတ်ပြီး နေ့ကောညကော ရေးရသည်။ ဝတ္ထုဇာတ်ညွှန်းကတော့ ပြီးသွားပါသည်။ နောက်ဆုံးတစ်မနက်မှာ ကျွန်တော်ခြေတွေလက်တွေ လှုပ်မရတော့။

လေအေးပေးစက်ကို တောက်လျှောက်ဖွင့်ထားမိသောကြောင့် ဖြစ်သည်။ အတင်းကြီးရှန်းကန်လူးထရတာ အတော်ကြာသည်။ ထိုနောက်ရက်များမှာ ကျွန်တော့်ကျန်းမာရေးက ပုံမှန်မရှိတော့။ အတော်ဆိုးရွားသွားပြီ။ အစာစားချင်စိတ် မရှိ။ စားလျှင်လည်း ပြန်အန်သည်။ ရေသောက်လျှင်ပင် ရေကို ပြန်အန်သည်။ လူက အတွင်းမှချမ်းနေပြီး အပြင်က ချွေးစေးတွေကျနေသည်။ ဖြန်းကနဲ ဖြန်းကနဲ ကြက်သီးတွေထသည်။ စာရေးလျှင်လည်း ကတုန်ကရင်နှင့် လက်တွေက ဟိုကပ်သည်ကပ် ဖြစ်နေသည်။

အိမ်မှ လူများက ကျွန်တော့်အတွက် စိတ်ဆင်းရဲကြရ၏။ သူတို့စိတ်ချမ်းသာဖို့ ဘာမှမဖြစ်သလို ပြောင်ပြောင်နောက်နောက်နေပေးနေသော ကျွန်တော်ကိုယ်တိုင်လည်း တစ်ခါတစ်ခါမှာ အတော်စိတ်မောမိတာကို ဝန်ခံရပါလိမ့်မည်။

ကျွန်တော့်အိမ် အနီးအပါးမှ ဆေးခန်းများထဲတွင် ကျွန်တော် သွားရောက်မကုသဖူးသော ဆေးခန်းဟူ၍မရှိ၊ ဆရာဝန်တွေက ရောဂါကို တစ်ယောက်တစ်မျိုး အမည်တပ်ကြသည်။ ဆေးအမျိုးမျိုးပေးကြသည်။ အကြောဆေးကိုတော့ အားလုံးလိုလိုက သွင်းပေးကြသည်။ မထူးပါ။ ရောဂါကတော့မပျောက်ပါ။

တင်ပြပေးသူ Baby D (mmcybermedia.com)

mmcybermedia.com

ထုးအောင်ဆိုပြီး အထူးကုဆရာဝန်ဆီ သွားပါသည်။ ပိုပြီးစိတ်ညစ်ရသည်။ ငွေကလည်း ဘယ်လောက် ထည့်သွားထည့်သွား လောက်သည်မရှိ။ တိုကင်နံပါတ်ကို ကြိုပြီး တန်းစီ ယူရသည်။ သတ်မှတ်ထားသည့်အချိန်မှာလည်း အထူးကုကြီးရောက်မလာ။ ရုပ်ကျန်းမာ ရေးကျဆင်းပြီး စိတ်ညှိုးနေတုန်း အားငယ်နေသောလူနာများက ဖုတ်လှိုက်ဖုတ်လှိုက် နှင့် သူ့ကို စောင့်နေရသည်။

အတော်ကြီးအချိန်နောက်ကျပြီးမှ အထူးကုကြီးက ရောက်လာသည်။ လူနာတွေကို တွေ့ဆုံစစ်ဆေးချိန်ကတစ်ဦးလျှင် နှစ်မိနစ်ခန့်ပဲရှိမည်။ ထိုအချိန်လေးအတွင်းမှာ လူနာကို သူ 'ဟောက်' နေသောစကားက ငါးခွန်းလောက်ပါသည်။ လူနာက ဘာမှတင်ပြ၍မရ။ အင်္ဂလိပ်စာကို သူတစ်ယောက်ထဲကတတ်သည့်အတိုင်း ဘိုလိုရေရွတ်မြည်တမ်းသည် တွေကရှိသေး၏။ ပြီး 'နောက်တစ်ယောက်ခေါ်လိုက်' ဟု နာစ့်မကို လှမ်းအမိန့်ပေးသည်။

ကိုယ့်မှာ ဘာအခွင့်အရေးမှမရှိ။ ဆေးဝယ်ရန် စာရွက်ကိုင်ပြီး အောက်ထပ်ကို ပြန်ဆင်း လာရသည်။ ထွက်ဦးမည်။ ငွေသုံးလေးငါးသောင်း။ ပြီး ရောဂါပျောက်သလားဆိုတော့ မပျောက်။ အထူးကု မဟုတ်သော 'မထူးကု' သာ ဖြစ်နေသည်။

"တပည့်တော်ရဲ့အဖေကတော့ ပြောတယ်။ ဆေးနဲ့ ဆရာဝန်ကိုပဲ အားမကိုးနဲ့၊ ကိုယ့်ဘာသာအသိနဲ့ ယှဉ်သုံးတဲ့"

"ဟုတ်တာပေါ့ ကိုမင်းဝေရယ်၊ ဦးပဥ္စင်းတို့လည်း ဒီဒုက္ခတွေကို မခံနိုင်တော့လို့ ကိုယ့်ရောဂါ မဖြစ်အောင်ဘဲ သတိထားနေရတယ်"

နောက်ပိုင်းရက်များမှာ ကံကောင်းထောက်မစွာ မိတ်ဆွေကဗျာဆရာတစ်ဦး၏ လမ်းညွှန် မှုဖြင့် 'ရန်ကုန်ခင်ရွှေ' ဆိုသော ဆရာကြီးတစ်ယောက်ဆီ ရောက်သွား၏။ တရုတ်ဓာတ် အပ်စိုက်နည်းကိုပါတွဲသုံးသော မြန်မာတိုင်းရင်းဆေးဆရာကြီးဖြစ်၏။ ကျွန်တော့်လက် ကောက်ဝတ်ကို ကိုင်၍ သွေးစမ်းပြီး ကျွန်တော် ခံစားနေရသည့် ရောဂါလက္ခဏာများကို သူကပဲတစ်ခုချင်းပြောသွား၏။ ဘာကြောင့် ထိုသို့ဖြစ်နေရသည်ကိုလည်း အကျိုး အကြောင်းရှင်းပြ၏။ ကိုယ့်ရောဂါအမည်ကိုလည်း ထိုအခါကျမှ တိတိကျကျ သိရသည်။

"သွေးကြောလေကြောပိတ်သည့်ရောဂါ" တဲ့။

"ခံစားနေရတဲ့ဝေဒနာကို လူနာကပြောမှသိရမယ်ဆိုရင် ကျွန်တော် သမား တော်ဘယ်ဟုတ်တော့မလဲ"

သူ့ဆီမှာပဲ ကုသမှုခံယူဖြစ်ပါသည်။ အရှင်းမပျောက်သေးသော်လည်း အတော်သက်သာ သွားပါသည်။ ငွေလည်းသက်သာသည်။ နွမ်းပါးသူများကိုဆိုလျှင် သူက အခမဲ့ကုပေး သည်။ "တစ်ပြားမှမပါလည်း ကုပေးရမှာပဲ" ဟု သူက ပြတ်ပြတ်သားသားပြောသည်။ မြန်မာပြည်မှာထိုကဲ့သို့သော သမားတော်မျိုးရှိသေးသဖြင့် ဝမ်းမြောက်ရပါသည်။ တစ်နေ့ မှာ စကားစပ်မိသဖြင့် သူနှင့်ကျွန်တော် နိဗ္ဗာန်အကြောင်း ဆွေးနွေးပါသည်။ ပရိတွန်တွေ၊ နျူထရွန်တွေ၊ အီလက်ထရွန်တွေ အကုန်ပါသည်။

"ခင်ဗျား ဒင်္ဂါးတစ်ပြားကို လေထဲပစ်မြှောက်ကြည့်...ပြန်ကျလာမယ်။ ဒါပေမယ့် ဆက်မမြောက်တော့ပဲ ပြန်ကျလာခါနီး အချိန်ကလေးမှာ လေထဲမှာ သူ ခဏတန့်သွား တယ်ဗျ။ မြန်လွန်းလို့မမြင်ရတာ။ အဲဒီလိုဆွဲအားတွေ၊ တွန်းအားတွေဆီမှာ ဘယ်တော့မှ မပါတဲ့ အခြေအနေကလေး၊ ကုသိုလ်၊ အကုသိုလ်တွေ၊ လောကဓံတရားတွေရဲ့ ဆွဲအား၊ တွန်းအားတွေက လွတ်ထွက်သွားတဲ့ အခြေအနေကလေး၊ အဲဒါ နိဗ္ဗာန်ပဲဗျ"

ရှင်းပါသည်။ သို့သော် ထိုအခြေအနေရောက်အောင် ကျွန်တော်တို့ သွားဖို့ကတော့ အတော်ခက်လိမ့်မည်။

ကျွန်တော်ရိုက်တင်တဲ့ တာရာမင်းဝေရဲ့ ကျွန်တော်နှင့်ဆောင်းရာသီဒဿန ဒီမှာပဲပြီးပါ ပြီဗျာ။ ကျွန်တော်ရိုက်တင်သမျှကို Thank You ပေးသောညီအစ်ကိုမောင်နှမများ အားလုံးကိုကျေးဇူးတင်ပါတယ်။ နောက်လည်းကြိုးစားပြီး အသစ်သစ်လေးတွေကို တင် သွားပါဦးမယ်ဗျာ။

BabyD

စာရိုက်ပေးသူ BabyD (mmcybermedia.com)
ဒီဇိုင်း rfanquee (mmcybermedia.com)

စာရိုက်ပေးသူ Baby D (mmcybermedia.com)